ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (10-7-2005) (၄၆၅၂)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ သက်တမ်း(၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ကာလသို့ ရောက်ရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းဝင် ရဟန်းသာမဏေအပေါင်း ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါး အေးချမ်းစွာထမ်းရွက်တော်မူနိုင်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၂၅)နှစ်မြောက် ငွေရတု သဘင် အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

ရန်ကုန်　ဇူလိုင်　၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် တက်ရောက်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးများအား သက်နိုင်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့တွင် နိုင်ငံတော် သံဃမဟာနာယက တာဝန်ကို ထမ်းဆောင်ခဲ့ပြီး အနားယူတော်မူခဲ့ကြသော ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပေါ်ပေါက်လာအောင် ဆောင်ရွက်တော်မူခဲ့ကြသော မူလဝန်ဆောင်(၆၆)ပါး အဖွဲ့ဝင် ဆရာတော်ကြီးများ၊ သံဃာ့ဂိုဏ်းကြီးများ၏ ဂဏာဓိပတိဆရာတော်များ၊ တိပိဋကဓရ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❀

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

▶ ပြည်ထောင်စုစိတ်ဓာတ်၏ အနှစ်သာရမှာ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်နှင့် နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်တို့ပင်ဖြစ်၍ ဤနေ့ဤအချိန်တွင် ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပါဝင်သော အမျိုးသားလုံခြုံရေးစိတ်ဓာတ်ကိုလည်း ကိုယ်စီကိုယ်င ထားရှိကြရန်လို။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသတင်း(ကျောဖုံး)

▶ လူယုံမွေး ရုပ်သေးအစိုးရတင်ပြီး မိမိတို့ရွေ့နိုင်ငံကို လက်ဝါးကြီးအုပ် ခြယ်လှယ်လိုကြသည့် ခေတ်သစ်နယ်ချဲ့အင်အားကြီးနိုင်ငံကြီးအချို့၏ ခြိမ်းခြောက်မှုအန္တရာယ်ရှိနေသည့် ယခုလိုအချိန်မျိုးတွင် မြန်မာအမျိုးသမီးများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ထားသည့် ရည်ရွယ်ချက်များနှင့်အညီ နိုးကြားတက်ကြွစွာ ကြိုးပမ်းဆောင်ရွက်။

ပဲခူးတိုင်း မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသတင်း(ကျောဖုံး)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၇-၂၀၀၅
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားနိုင်ငံရေးရည်မှန်းချက် ဦးထိပ်ပန်ဆင် နိုင်ငံတော်နှင့်ဒေသ ဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ယင်းသို့ဖော်ဆောင်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူပြုသည့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး လူမှုစီးပွားရေး အဆင့်အတန်း ဟန်ချက်ညီညီ တိုးတက်မြင့်မားစေရေးလုပ်ငန်းများကို အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိနေသည်။

အထူးသဖြင့် သမိုင်းအစဉ်အဆက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသည့် နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအပါအဝင် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးခဲ့သည်။

နိုင်ငံတော်က ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသများရှိ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများ တည်ဆောက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဘဏ္ဍာငွေကျပ်သန်းပေါင်း ခြောက်သောင်းကျော်နှင့် အမေရိကန်ဒေါ်လာသန်း ၅၅၀ ကျော် သုံးစွဲခဲ့သည်။

ယင်းတို့အနက် နယ်စပ်ဒေသ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေကျပ်သန်းပေါင်း ၃၉၃၀ ဒသမ ၀၇ သန်း ကျခံအသုံးပြုခဲ့သည်။ ထို့ကြောင့်ပင် နယ်စပ်ဒေသများ၌ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်းနှင့်အတူ လူငယ်သင်တန်းကျောင်းများ၊ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါ လူငယ်သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ တိုင်းရင်းသားလူငယ်များအနေဖြင့် တက္ကသိုလ်ပညာရပ်များ ဆက်လက်ဆည်းပူးသင်ယူနိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် နှစ်ခုကို ၂၀၀၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်လ ၅ ရက်နေ့က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အဆိုပါဒီဂရီကောလိပ် ကျောင်းဆောင်သစ်၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားရာတွင် **နိုင်ငံတော်က တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် မေတ္တာစေတနာကို သိရှိနားလည်ပြီး ဤကျောင်း၌ တက်ရောက်လာသည့် တိုင်းရင်းသားကျောင်းသားများအနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးရည်မှန်းချက်ဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မိမိတို့တိုင်းပြည်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြမည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းကြပါ** ဟူ၍ မှာကြားသွားသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (မြို့ပြ၊ စက်မှု၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်) ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသည်။ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ အင်ဂျင်နီယာ(အေဂျီတီအိုင်)၊ မဟာအရည်အချင်းစစ်၊ မဟာဝိဇ္ဇာနှင့်မဟာသိပ္ပံဘွဲ့ သင်တန်းများ၌ တိုင်းရင်းသားလူငယ်ကျောင်းသား ၁၆၀ တက်ရောက်သင်ကြားလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၌ တက်ရောက်ပညာသင်ကြားလျက်ရှိကြသော တိုင်းရင်းသားကျောင်းသားများအနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထာဝရဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်စွမ်းဆောင်နိုင်ရေးအတွက် စာပေပညာရပ်များကို အားကြိုးမာန်တက် ကြိုးစားသင်ယူသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

နိုင်ငံတကာ သတင်းများ

အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်ရေးဇရိယာထူထောင်မှု အရှေ့တောင်အာရှနိုင်ငံများ အကျိုးကျေးဇူးပိုမိုရရှိနိုင်

ဘေဟိုင်း(ကွမ်စီး) ဇူလိုင် ၈

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အဖွဲ့ဝင်နိုင်ငံများသည် တရုတ်-အာဆီယံလွတ်လပ်သော ကုန်သွယ်ရေး ဇရိယာထူထောင်ခြင်းဖြင့် တရုတ်နိုင်ငံထက်ပင်လျှင် အကျိုးကျေးဇူးပိုမိုရရှိနိုင်ကြောင်း အမေရိကန် အခြေစိုက် ကူးသန်းရောင်းဝယ်ရေး အဖွဲ့အစည်းတစ်ရပ်မှ အထက်တန်းတာဝန်ရှိသူတစ်ဦးက တရုတ်နိုင်ငံ ကွမ်စီးပြည်နယ် ဘေဟိုင်းမြို့တွင် တနင်္လာနေ့ကကျင်းပသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲတစ်ရပ်၌ ပြောကြားသည်။

တရုတ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက ထုတ်လုပ်မှုစရိတ်စကများအရ အားသာချက်များနည်းပါးကြောင်း အမေရိကန်နှင့်တရုတ် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဆီဗာယမ်းက ပြောကြားသည်။ ကုန်ပစ္စည်းဆိုင်ရာ ကုန်သွယ်မှုသဘောတူညီချက်နှင့် အကျုံးဝင်သော ကုန်ပစ္စည်းအမျိုးအမည်ပေါင်း ၇၀၀၀ ကျော်အတွက် အကောက်ခွန်နှုန်းထား လျှော့ချရာတွင် တရုတ်ကုမ္ပဏီများအပေါ် အကျိုးသက်ရောက်မှုသည် ကာလတိုအားဖြင့် နည်းပါးနေမည်ဖြစ်ကြောင်း၊ သို့ရာတွင် အာဆီယံနိုင်ငံများအတွက်မူ တရုတ်နိုင်ငံက ကြီးမားသောဈေးကွက်ကြီးအဖြစ် ရပ်တည်နေမည်ဖြစ်ကြောင်း တရုတ်-အာဆီယံ စီးပွားရေးလုပ်ငန်း ဖိုရမ်ဆွေးနွေးပွဲတွင် ၎င်းက ပြောကြားသည်။

လွတ်လပ်သော ကုန်သွယ်ရေးဇရိယာထူထောင်ခြင်းဖြင့် တရုတ်နိုင်ငံ အကျိုးကျေးဇူးရရှိနိုင်သော နယ်ပယ်နှစ်ရပ်မှာ အာဆီယံနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှု တိုးမြှင့်ပြုလုပ်နိုင်ခြင်းနှင့် တရုတ်နိုင်ငံအား ဈေးကွက်စီးပွားရေးစနစ် အပြည့်အဝကျင့်သုံးသော နိုင်ငံအဖြစ် အာဆီယံ၏ အသိအမှတ်ပြုမှုကို ရရှိနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အသိအမှတ်ပြုမှုရရှိခြင်းဖြင့် တရုတ်နှင့်အမေရိကန်တို့အကြား ဖြစ်ပေါ်နေသော ကုန်သွယ်ရေးပြဿနာများ ဖြေရှင်းရာတွင် အထောက်အကူပေးနိုင်မည် ဖြစ်ကြောင်း မစ္စတာယမ်းက ပြောကြားသည်။

လွတ်လပ်သော ကုန်သွယ်ရေး ဇရိယာထူထောင်ခြင်းဖြင့် အကောက်ခွန်ဖျက်သိမ်းပေးနိုင်မည်သာမက ဒေသတစ်ခုလုံး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီးများ လွတ်လပ်စွာစီးဆင်းမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းကပြောကြားသည်။

အာဆီယံနိုင်ငံများသို့ တင်ပို့သည့် တရုတ်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၄၂ ဒသမ ၉ ဘီလီယံအထိ ရောက်ရှိခဲ့သည်။ တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများထံမှ ကုန်ပစ္စည်းတင်သွင်းမှုမှာ ဖော်ပြပါနှစ်တွင် ဒေါ်လာ ၆၂ ဒသမ ၉ ဘီလီယံဖိုးရှိသည်။ တရုတ်နှင့်အမေရိကန် ကုန်သည်ကြီးများအသင်းကို ၁၉၉၃ ခုနှစ်တွင် ထူထောင်ခဲ့သည်။ အဖွဲ့ဝင် ၂၀၀ ကျော်ရှိသည့် ယင်းအသင်းတွင် ပါဝင်သူ ၉၀ ရာခိုင်နှုန်းမှာ အမေရိကန်စီးပွားရေး လုပ်ငန်းရှင်များဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်နက်ကိုင်များကအီရတ်တပ်ဖွဲ့ဝင်နှစ်ဦးအား ဘဂ္ဂဒက်မြောက်ပိုင်းတွင် ပစ်ခတ်သတ်ဖြတ်

တီကရစ်(အီရတ်) ဇူလိုင် ၈

မည်သူမည်ဝါမှန်းမသိရသောလက်နက်ကိုင်များက အီရတ်တပ်ဖွဲ့ဝင်နှစ်ဦးအား အီရတ် နိုင်ငံဘေဂျီမြို့တွင် ဗုဒ္ဓဟူးနေ့ကပစ်ခတ်သတ်ဖြတ်ခဲ့ရာ ၎င်းတပ်ဖွဲ့ဝင်နှစ်ဦးနှင့်အရပ်သားတစ်ဦးတို့ သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်များသည် ဘေဂျီမြို့ရှိဆိုင်တစ်ဆိုင်မှ ရေခဲဝယ်ယူနေစဉ် လက်နက်ကိုင်ငါးဦးက မော်တော်ယာဉ်နှစ်စီးပေါ်မှပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ၎င်းတပ်ဖွဲ့ဝင်နှစ်ဦးနှင့်ဆိုင်ပိုင်ရှင်ဟု ယူဆရသည့် အရပ်သားတစ်ဦးတို့သေဆုံးသွားသည်ဟု အမေရိကန်-အီရတ်ပူးတွဲညှိနှိုင်းရေးဌာနမှ ရဲသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအားပြောကြားသည်။

အီရတ်ရဲတပ်ဖွဲ့က အလောင်းများကို ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းကီလိုမီတာ ၂၀၀ခန့်အကွာရှိ ဘေဂျီဆေးရုံသို့ ရွှေ့ပြောင်းသယ်ယူသွားသည်ဟုဆိုသည်။

ရှီးယိုက်များလွှမ်းမိုးသည့် အီရတ်အစိုးရဧပြီလကုန်ခန့်က ဖွဲ့စည်းပြီးခဲ့သည့်နောက် ၎င်းအစိုးရကို ကမောက်ကမဖြစ်စေရန် ရည်ရွယ်သည့်အနေဖြင့် အီရတ်ရှိ ပြောက်ကျားများက ရဲတပ်ဖွဲ့ဝင်သစ်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအား မကြာခဏ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မက္ကဆီကိုပင်လယ်ကွေ့တွင် မုန်တိုင်းကျရောက် ရေနံထုတ်လုပ်ရေးလုပ်ငန်းများ ထိခိုက်

ဝါရှင်တန် ဇူလိုင် ၉

မက္ကဆီကိုပင်လယ်ကွေ့တွင် အပူပိုင်းမုန်တိုင်း ကျရောက်မှုကြောင့် အမေရိကန် ရေနံလုပ်ငန်းများတွင် ထိခိုက်ခဲ့ရသည်။ အဆိုပါ မုန်တိုင်းကျရောက်မှုကြောင့် ပြတ်တောက်သွားသော ရေနံများကိုဖြည့်တင်းရန် ပိုမိုလိုအပ်လာခြင်းကြောင့် ရေနံနှင့်ဓာတ်ဆီဈေးနှုန်း မြင့်တက်လာရသည်။

အင်္ဂါနေ့နှောင်းပိုင်းတွင် မြေပြိုမှုဖြစ်ပွားသည်။ ထိုရက်မတိုင်မီ ဟာရီကိန်းမုန်တိုင်းအဆင့်ရှိ ဆင်ဒီမုန်တိုင်းသည် အဆိုပါဒေသတွင် ကျရောက်ခဲ့သည်ဟု ဝေါလ်စထရိဂျာနယ်ကကြာသပတေးနေ့တွင် ရေးသားဖော်ပြသည်။ ထိုမုန်တိုင်းကျရောက်မှုကြောင့် မက္ကဆီကိုပင်လယ်ကွေ့၏ ရေနံထုတ်လုပ်မှုသည် ၁၃ ရာခိုင်နှုန်းခန့်နှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုသည် ၇ ဒသမ ၅ ရာခိုင်နှုန်း ခန့် ပြတ်လပ်သွားစရာရှိသည်ဟု ပြည်ထဲရေးဌာန၏တွင်းထွက်ပစ္စည်း စီမံရေးရာဌာန ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားသည်။

မုန်တိုင်း ကျရောက်သော်လည်း ဓာတ်ဆီနှင့် ဒီဇယ်များ လုံလောက်အောင် ဖြန့်ဖြူးပေးနိုင်ကြောင်း၊ ထိုပင်လယ်ကွေ့တွင် ယခုနှစ် မုန်တိုင်းရာသီချိန်တွင် အပျက်အစီးများ လာနိုင်ကြောင်း အဆိုပါ ဂျာနယ်က ရေးသားဖော်ပြထားသည်။

ထိုဒေသတွင် ၂၀၀၄ ခုနှစ်က ဟာရီကိန်းအိုင်ဗန်မုန်တိုင်းကျရောက်မှုကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးလုပ်ငန်း ထိခိုက်ခဲ့ပြီး ရေနံဈေးနှုန်းများလည်း မြင့်တက်သွားသည်။

ယခုရက်သတ္တပတ်တွင် မက္ကဆီကိုပင်လယ်သို့ ဟာရီကိန်းဒင်းနစ်မုန်တိုင်း ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း အဆိုပါ ဂျာနယ်က ဖော်ပြခဲ့သည်။ အလားတူ အပူပိုင်းမုန်တိုင်း ဆင်ဒီကျရောက်ခဲ့မှုကြောင့် စွမ်းအင်လုပ်ငန်းတွင် သိုလှောင်သိမ်းဆည်းမှုများ ဆောင်ရွက်ခဲ့ရသည်။

ဗုဒ္ဓဟူးနေ့၌ နယူးယောက်မာကန်တိုင်အိပ်ချိန်း ရေနံဈေးကွက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၂၈ထိဖြစ်ခဲ့ပြီး ယခင်ကဈေးထက် အမေရိကန်ဒေါ်လာ၁ ဒသမ၆၉မြင့်တက်သွားခဲ့သည်။

၁၉၈၃ ခုနှစ် ဩဂုတ် ၁၀ ရက်ကလည်း ရေနံဈေးနှုန်း အမြင့်ဆုံး မြင့်တက်ခဲ့သည်။ ထိုအချိန်က မြင့်တက်ခဲ့သော ရေနံဈေးနှုန်းထက် ယခုရေနံဈေးနှုန်းသည် ၄၁ ရာခိုင်နှုန်းပိုမို မြင့်တက်နေသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းသည်လည်း ၁၀ ဒသမ ၈၁ ခန့်ရှိပြီး တစ်ဂါလန်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉ မြင့်တက်သည်ဟု အင်ဝိုင်အမ်အီးအိပ်စ်၏ မှတ်တမ်းအရ သိရသည်။ ခဲဓာတ်မပါသော ဓာတ်ဆီဈေးနှုန်းသည် ယခင်ကထက် ၆၄ ရာခိုင်နှုန်း မြင့်တက်နေသည်ဟု ထိုဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

အင်တာနက်။

သီရိလင်္ကာသို့ ဧည့်လာရောက်မှု မြင့်တက်

ကိုလံဘို ဇူလိုင် ၈

သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ ၂၀၀၄ခုနှစ်တွင် ၅၆၆၂၀၂ ဦးရှိပြီး နှစ်အလိုက်တိုးတက်မှုနှုန်းမှာ ၁၃ ရာခိုင်နှုန်းရှိကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်းအဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

ခရီးသွားလုပ်ငန်းမှ ရရှိသောဝင်ငွေမှာ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၂၁ သန်းနီးပါးရှိပြီး ၂၀၀၃ ခုနှစ်ကထက် ၂၈ ရာခိုင်နှုန်း မြင့်တက်လာသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးနှစ်ခုတို့သည် ပရိယတ္တိအရာတွင် ထူးချွန်ထက်မြက်သောပုဂ္ဂိုလ်များ မွေးထုတ်ပေးနေ



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ မကွေး ဆရာတော်က ဩဝါဒကထာ ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

❁ ရှေ့ဖုံးမှ

တိပိဋက ကောဝိဒ ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ၊ သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များ၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့မှ ဝတ်အသင်းအဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့က ဓမ္မပူဇာတေးများဖြင့် ငြိမ့်ညောင်းသာယာစွာ သီဆိုတီးမှုတ် ဖျော်ဖြေသည်။

ထို့နောက် အခမ်းအနားကို မွန်းလွဲ ၁နာရီတွင် စတင်ကျင်းပရာ အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း သာသနာရေးမှူးဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် နမောတဿသုံးကြိမ်ရွတ် ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အနုပညာဦးစီးဌာနမှ တေးသံရှင်မြင့်မြင့်ကြည်က "ဂုဏ်တော်ဖွင့်" သီချင်းဖြင့် သီကျူးပူဇော်သည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ (၂၅)နှစ်တာကာလ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်နိုင်မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သမ္မောဒနီယကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသ က ဖတ်ကြားတော်မူစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြသည်။

ဩဝါဒကထာချီးမြှင့်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက သမ္မောဒနီယ ဩဝါဒကထာကို ချီးမြှင့်တော်မူသည်။

ဆက်လက်၍ သီးခြားဂိုဏ်းအကြီးအကဲများ၏ကိုယ်စား ဝေဠုဝန်နိကာယ ဂိုဏ်းအကြီးအကဲ ဝေဠုဝန်နိကာယ ဂဏာဓိပတိ ဧရာဝတီတိုင်း ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနာဂဝံသ ချီးမြှင့်တော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ (၂၅)နှစ်တာကာလ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်နိုင်မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သမ္မောဒနီယကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသက ဖတ်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကမ္ဘာကြီးအေးချမ်းသာယာဝပြောပါစေကြောင်းဆုတောင်းမေတ္တာပို့သလွှာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကကောဝိဒ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသက ဖတ်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ပထမအကြိမ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ၁၉၈၀ ပြည့်နှစ်၊ မေ ၂၄ရက်မှ ၂၇ရက်ထိ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ ပြည်နယ်/တိုင်းအလိုက် အခြေခံဒေသအသီးသီးမှ ရွေးချယ်တင်မြှောက် ပေးတော်မူကြသည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ၁၂၂၆ပါးတို့ တက်ရောက်တော်မူကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို အညီအညွတ် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြပါကြောင်း။

ယနေ့ဆိုလျှင် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်မှာ (၂၅)နှစ် တင်းတင်းပြည့်မြောက်ခဲ့သည်နှင့်အမျှပြည်ထောင်စု မြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးတွင် အမြင့်ဆုံးတာဝန်ကို ရွက်ဆောင်လျက်ရှိတော်မူကြသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည်လည်းသက်တမ်း (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ကာလသို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များ၌ သာသနာ့တာဝန်ကို အမြင့်မားဆုံး ရွက်ဆောင်တော်မူနိုင်ခဲ့ပြီး နှစ်ပေါင်း ၂၅နှစ် ခရီးရှည်ကို ဖြတ်သန်းခဲ့ပြီ ဖြစ်၍ လောကရေးရာ၊ ဓမ္မရေးရာတို့၌ အတွေ့အကြုံရင့်ကျက်လှပြီဖြစ်သော သံဃာ့အဖွဲ့အစည်းကြီး ဖြစ်ပါကြောင်း။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ကမ္ဘာကြီးအေးချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သလွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကကောဝိဒ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသက ဖတ်ကြားတော်မူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဦးဆောင်ဦးရွက်ပြု ထိန်းမတ်မှုအောက်တွင် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းဝင် ရဟန်းသာမဏေအပေါင်းမှာလည်း ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကို အေးချမ်းစွာ ထမ်းရွက်တော်မူနိုင်ကြသည်ကိုတွေ့ရှိနိုင်ပါကြောင်း၊ ကျင့်ဝတ်စည်းကမ်းနှင့် မညီညွတ်သော ရဟန်းသာမဏေများနှင့် ကျောင်းကန်ကိစ္စစသည့် အငြင်းပွားမှုခင်းကိစ္စများ၌ အပြစ်အလျောက်သံဃာ့ကိစ္စသံဃာတော်များကိုယ်တိုင် ဝိနည်းတရားတော်နှင့်အညီ ကြပ်မတ်ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ စည်းမျဉ်းစည်းကမ်းကို ကျော်လွန်ကာ သာသနာတော်ညှိုးနွမ်းစေမည့် အဓိပ္ပာယ်ဆောင်ပါကလည်း နိုင်ငံတော်အစိုးရ၏ အာဏာစက်အကူအညီကိုရယူလျက် သံဃာ့ အဖွဲ့အစည်းဂုဏ်ရှိန်ကို ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ သာသနာတော်မြတ်ကြီးတွင်းသို့ မမှန်မကန် အယူဝါဒအသစ်များ သွတ်သွင်းလာသဖြင့် သာသနာတော်အတွက် အန္တရာယ်ရှိလာခြင်း၊ ဘုရားရှင်၏ အဆုံးအမနှင့် ညီညွတ်မှုမရှိဘဲ ကျင့်ကြံဟောပြောမှုများ ပေါ်ပေါက်လာခြင်းစသည့် အဓမ္မဝါဒများကိုလည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ အရှိန်အဝါအောက်တွင် ဓမ္မသန့်ရှင်းရေးအားဖြင့်ပါ ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သာသနာ့တက္ကသိုလ်များ

၁၉၈၀ပြည့်နှစ်တွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီး ပေါ်ပေါက်လာပြီးနောက် ပရိယတ္တိ ပညာရေး၌ ထူးခြားလှသော စွမ်းဆောင်နိုင်မှုကြီးမှာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးနှစ်ခု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ တာဝန်ပေးချက်အရ ကျေးဇူးရှင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ကြီး၏ ဦးဆောင်ဦးရွက် ဟောပြောလမ်းညွှန်မှုဖြင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ တစ်ပြိုင်တည်းဆိုသကဲ့သို့တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုအခါ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး နှစ်ခုတို့သည် ပရိယတ္တိစာပေလေ့လာဆည်းပူးမှု၌ အဆင့်အတန်းမြင့်မြင့်နှင့်ကျယ်ပြန့်စွာတာဝန်ယူဆောင်ရွက်လျက်ရှိနေပြီး ပရိယတ္တိအရာတွင် ထူးချွန်ထက်မြက်သော သာသနာ့ပြုပုဂ္ဂိုလ်များကို မွေးထုတ်ပေးလျက်ရှိနေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများသည် သာသနာတော်၌ အခြေခံမူလပဓာနကျသည့် ပရိယတ္တိပညာရေးကဏ္ဍ မြှင့်တင်သောအားဖြင့် နိကာယ်စာမေးပွဲကဲ့သို့ စာမေးပွဲအသစ် တီထွင်ပေးခြင်း၊ နိုင်ငံတော် တစ်ဝန်းလုံးနှင့် သက်ဆိုင်ကျယ်ပြန့်လှသော ပထမပြန်စာမေးပွဲကို တစ်နှစ်ထက်တစ်နှစ် များပြားလာသော စာသင်သား ရဟန်းသာမဏေတို့အကျိုးငှဲ့ကွက်လျက် တစ်နိုင်ငံလုံး တစ်ပြိုင်တည်း ကျင်းပနေသည့်အစား ပြည်နယ်/တိုင်း အလိုက် စီစဉ်ကျင်းပပေးခဲ့သဖြင့် စာချ စာသင်ဦးရေ တိုးပွားလာအောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်ပသာသနာပြု

ထို့ပြင် ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်ပသာသနာပြုဆောင်ရွက်မှုများ အထွတ်အထိပ်ရောက်ရှိစေရန် ရည်မှန်းလျက် နိုင်ငံတော်အစိုးရက တည်ထောင်ဖွင့်လှစ်ပေးသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးနှင့် မဟာသန္တိသုခ ကျောင်းတော်ကြီးတို့တွင်လည်း နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၏ လမ်းညွှန်မှုဖြင့် ပြည်ပသာသနာပြုအစီအစဉ်များ အရှိန်ရရှိလာပြီ ဖြစ်ပါကြောင်း၊ ၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ပြည်ထောင်စု မြန်မာနိုင်ငံ၌ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးကို အောင်မြင်စွာ ကျင်းပခဲ့ရာတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး၌ စုစည်းထားသည့်အင်အားများ၊ မိမိတို့ အစီအစဉ်ဖြင့် ပြည်ပသာသနာပြုဆောင်ရွက်နေသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ အင်အားများနှင့် ပြည်ပရောက် သာသနာပြု ရဟန်းတော်များ၏ စွမ်းရည်များကို အထင်အရှား တွေ့ရှိရပါသဖြင့် ရဟန်းရှင်လူအပေါင်း နှစ်ထောင်းအားရ ရှိခဲ့ကြပါကြောင်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် နှစ်ပေါင်း၂၅နှစ်တာ ငွေရတုကာလအတွင်း သာသနာ့ကိစ္စ၊ သာသနာ့တာဝန်၊ သံဃာ့ကိစ္စ၊ သံဃာ့တာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် "သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာ၏၊ ညီညွတ်သောသံဃာတို့၏ အကျင့်သည် ချမ်းသာ၏" ဟူသော ဘုရားရှင်၏ အဆုံးအမကို ဦးထိပ်ထား ဆောင်ရွက်ခဲ့သည်မှာ ထင်ရှားလှပါကြောင်း၊ ရှေ့သို့ ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတုကာလများသို့တိုင် ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စွာဖြင့် သာသနာ့တာဝန်ကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်တော်မူနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မိမိ၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်လက်၍ တေးသံရှင် ဦးထွန်းရွှေက သာသနာရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသူရ(ပထမကျော်-ကျော်လေးကျော်) ရေးစပ်ပူဇော်သည့် ၂၇-ပဒ အချီအချ ညီစကြာလည် ပိုဒ်စုံရတုကို ဖတ်ကြားပူဇော်သည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်ကြီးများအား သင်္ကန်း အစရှိသော လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩသဓာဘိဝံသထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှူးပြုသည့် ပရိသတ်များက အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၉

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ရက် မွန်းလွဲ ၁နာရီတွင် ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း အမှတ်(၃၀)ရှိ ဖျာပုံမြို့နယ်အသင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် မြဗိမာန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက အမှူးပြုသော သံဃာတော်ငါးပါးအား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ဝါဆိုအလှူပွဲသို့ ဖျာပုံမြို့နယ်အသင်းဝင်များ၊ ဖျာပုံမိသားစုဝင်များ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် အသင်းတိုက် ဖုန်း- ၂၉၁၀၈၃သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇)မိုင် ပြည်လမ်း အမှတ်-၃၁နေ ကွယ်လွန်သူ သား ကိုကျော်ညီညီမျိုးအား ရည်စူး၍ ဦးမြင့်ဆွေ-ဒေါ်နွဲ့နွဲ့ရီ မိသားစုတို့က ဒဂုံမြို့နယ် အမှတ် (၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရာတွင် ဘုရားဆောင်အတွက် အလှူငွေကျပ် ၁၀သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တဝိနယထံ အနုမောဒနာနာယူပြီး ရေစက်ချ၍ တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြမြ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ဖော်ဆောင်ရာတွင် ပြည်သူတို့နှင့်အတူ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ပူးပေါင်းပါဝင်

☆ **ဒို့တာဝန်အရေးသုံးပါးမှ**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် သဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြမြက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းခင်လတ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းခမ်းယဉ်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် မြို့မိ မြို့ဖများဖြစ်ကြသော ဒေါ်ဂျာမိုင်နှင့် ဒေါ်ခင်ရီတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းရွှေအေးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဝင်းနန္ဒာထွန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့-အမျိုးသမီးငယ်ရွယ် အဖွဲ့ဝင်များက **"အင်အားသစ်များနှင့်အတူ"** သီချင်းနှင့် **"အမျိုးသမီးဂုဏ်ရည်"** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် သဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမြက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာပြည်တစ်ဝန်းရှိ အမျိုးသမီးအားလုံး၏ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ပြီး အမျိုးသားရေးအင်အားစု တစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာအောင် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ဝင်များကလည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မူဝါဒနှင့် ချမှတ်ထားသော လုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ရှမ်း၊ ပလောင်၊ "ဝ"၊ ကချင်၊ ကိုးကန့်၊ ဗမာစသော တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လူဦးရေ ၂ဒသမ ၀၇သန်းရှိသည့် အနက် အမျိုးသမီးဦးရေသည် ၁ ဒသမ ၀၄ သန်းရှိကြောင်း။

အမျိုးသမီးများအပါအဝင် ပြည်သူများ၊ တပ်မတော်နှင့် အစိုးရတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ မည်သည့်ခေတ်အခါကနှင့်မျှ မတူအောင် တိုးတက်ပြောင်းလဲလာကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း၊ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခြင်း စသည်တို့ကြောင့် ဒေသအားလုံး၌ အေးချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ တရားဥပဒေစိုးမိုးခြင်းများ ရရှိဖြစ်ထွန်းနေသည့်အတွက် နေ့ည အချိန်အခါမရွေး၊ ဒေသမရွေးသို့ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းလာသည့်အတွက် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများစွာ ဖွံ့ဖြိုးတိုးတက်လာကြောင်း။

ယင်းသို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စိတ်တူကိုယ်တူ ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်၍ အောင်မြင်မှုရရှိနေသည်ကို မလိုလား မရှုဆိတ်သော ပြည်တွင်း ပြည်ပ အဖျက်သမားများက နည်းမျိုးစုံဖြင့် သွေးထိုးသပ်လျှို ဟန့်တားနှောင့်ယှက်နေကြကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါး၊ လူမှောင်ခိုနှင့် အမျိုးသမီးများအပေါ် မဖွယ်မရာ ပြုကျင့်မှုတို့နှင့်ပတ်သက်၍ မိမိတို့ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသယောင် မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းများ ဖန်တီးပြောဆိုနေကြကြောင်း။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်ကို အားလုံးအသိဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ ဒေသအလိုက် ဘိန်းကင်းမဲ့ဇုန်ဖြစ်ရေး စသည်တို့ကို စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့သဖြင့် ဘိန်းစိုက်ပျိုးမှုကို ၂၀၀၃ ခုနှစ်က ၃၄ ရာခိုင်နှုန်း ကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ၈၈ ရာခိုင်နှုန်းအထိ ကျဆင်းနေပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် နိုင်ငံတော်က ချမှတ်ထားသော မူးယစ်ဆေးဝါးပပျောက်ရေး မဟာဗျူဟာ၊ နည်းဗျူဟာများကို အကောင်အထည် ဖော်ရာတွင် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်နေကြောင်း၊ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားအဖွဲ့အသီးသီးနှင့် NGO များ၊ ပြည်သူများနှင့် ပူးပေါင်းကာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမရှိစေရေး လူထုလှုပ်ရှားမှုအသွင် စစ်ကြောင်းများဖြင့် ဒေသအနှံ့အပြားကွင်းဆင်းပြီး ပညာပေးဟောပြော စည်းရုံးဆောင်ရွက်ရာတွင် ပူးတွဲပါဝင်ခဲ့သဖြင့် အနောက်နိုင်ငံကြီးအချို့၏ စွပ်စွဲချက်များသည် မှန်ကန်မှုမရှိကြောင်းကို လက်တွေ့လေ့လာသိရှိခဲ့ရကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ NGO များ၊ ပြည်သူများနှင့် ပူးပေါင်းလျက် အချိန်မီ တားဆီးကာကွယ်နိုင်သောကြောင့် လမ်းမှားလိုက်မိသည့် အမျိုးသမီးငယ်များအား ပြန်လည်လက်ခံ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘောပေါက်နားလည်အောင် ဆွေးနွေးနှစ်သိမ့်ပညာပေးခြင်း၊ မိဘရပ်ထံ ပြန်လည်ရောက်ရှိအောင် ကူညီခြင်း၊ ခိုကိုးရာမဲ့များအား လက်ခံစောင့်ရှောက်ခြင်းများကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်း။

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသမီးများအား မတော်တရော် အနိုင်အထက်ပြုကျင့်သည်ဟု ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ စွပ်စွဲချက်များမှာလည်း မှန်ကန်မှုမရှိကြောင်း၊ မြန်မာတိုင်းရင်းသားတို့သည် ယဉ်ကျေးမှုထုံးတမ်း အစဉ်အလာအရ များစွာယဉ်ကျေးသိမ်မွေ့ကြကြောင်း၊ အများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ အနိုင်အထက်ပြုကျင့်ခြင်းကို အလေးအနက်ထား ရှောင်ကြဉ်ကြကြောင်း။

အထူးသဖြင့် တပ်မတော်သားများသည် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာများကို လေးစားလိုက်နာရခြင်း၊ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေကို လိုက်နာရခြင်းတို့အပြင် တပ်မတော်က ချမှတ်ထားသော စည်းကမ်းဥပဒေကျင့်ဝတ်များကို မဆုတ်မနစ်လိုက်နာထိန်းသိမ်းကြရသူများဖြစ်ကြောင်း၊ လူ့သဘာဝအရ ပြစ်မှုကျူးလွန်မှုရှိလျှင်လည်း နိုင်ငံတော်၏ဥပဒေ၊ တင်းကျပ်သော တပ်မတော်၏ ဥပဒေတို့ဖြင့် ထိရောက်စွာ အရေးယူခံရသည်ချည်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် License to Rape ဆိုသည့် စွပ်စွဲချက်မှာ လုံးဝမှန်ကန်မှုမရှိသည့် အမနာပ စွပ်စွဲချက်ပင်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပမှ မဟုတ်မမှန်စွပ်စွဲကာ သွေးခွဲသပ်လျှိုနေသည်ကို သိမြင်သဘောပေါက်နေသည့် မိမိတို့မြန်မာအမျိုးသမီးထု တစ်ရပ်လုံးသည် တပ်မတော်အစိုးရနှင့်လက်တွဲပြီး နိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တာဝန်များကို ကျရာအခန်းကဏ္ဍမှ မမိုတ်မသုန် ထမ်းဆောင်သွားကြမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကချမှတ်ထားသော ပန်းတိုင်နှင့် ဦးတည်ချက်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ထားသော လုပ်ငန်းစဉ် အောင်မြင်အောင် အားထုတ်ကြိုးပမ်း ဖော်ဆောင်သွားမှာဖြစ်ကြောင်း၊ လုပ်ငန်းဆောင်တာများ အောင်မြင်ရေးအတွက် စည်းလုံးညီညွတ်မှုစွမ်းအား အထူးလိုအပ်ကြောင်း။

ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးတွင် အဓိကကျသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုသည်ကို အထူးအလေးထား ဖော်ဆောင်သွားကြရမှာ ဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအား ခိုင်မာတိုးပွားအောင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားရန် လိုအပ်ကြောင်း၊ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာပြည်ထောင်စုသားတိုင်းက မြန်မာတိုင်းရင်းသား မြန်မာလူမျိုးဟု ကိုယ်စီကိုယ်င ခံယူရန်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်၏ အနှစ်သာရများမှာ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်နှင့် နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်တို့ပင်ဖြစ်ကြောင်း၊ ထို့အပြင် ဤနေ့ အချိန်အခါတွင် ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးပါဝင်သော အမျိုးသားလုံခြုံရေးစိတ်ဓာတ်ကိုလည်း ကိုယ်စီကိုယ်င ထားရှိကြရန် လိုကြောင်း။

အလားတူပင် နိုင်ငံတော်ကချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ဖော်ဆောင်ရာတွင်လည်း ပြည်သူတို့နှင့်အတူ မိမိတို့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ပြီး အောင်မြင်အောင် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးအတွက် လိုအပ်သော လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရာတွင် မြန်မာအမျိုးသမီးများအနေဖြင့် မိမိတို့ ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ●

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်နန်းရွှေအေးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဝင်းနန္ဒာထွန်းတို့ ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ရော၊ တစ်ဦးချင်းတိုးတက်အောင်ပါ အမျိုးသမီးထုတစ်ရပ်လုံးက တာဝန်သိသိ၊ သစ္စာရှိရှိ ဝိုင်းဝန်းကြိုးပမ်းနေ

● စာမျက်နှာ ၄ မှ

မြန်မာအမျိုးသမီးများသည် ယဉ်ကျေးသိမ်မွေ့ခြင်း၊ တာဏ်ဇာပုပ္ပတ္တိဉာဏ်ကောင်းခြင်း၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ခြင်း၊ မိခင်စိတ်ကြီးမားခြင်းစသော ကိုယ်ပိုင်ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ပွားများထားရှိကြသူများပီပီ မိမိတို့၏ဂုဏ်ဒြပ်ကို ထိန်းသိမ်းမြှင့်တင်လျက် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးတာဝန်များကို ဦးလည်မသုန်ပါဝင် ထမ်းရွက်ကြပါစို့ဟု အဓိဋ္ဌာန်ပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခိုင်အေးချမ်းက ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ပေးသည့်လုပ်ငန်းများအနက် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်နှင့် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့တို့၏ ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ–

- **(၁) အမျိုးသမီးများအား လူကုန်ကူးမှုမှ ကြိုတင်ကာကွယ်တားဆီးရေး၊**
- **(၂) အမျိုးသမီးများ၏ လူနေမှုအဆင့်မြှင့်တင်ရေး၊**
- **(၃) ဝင်ငွေတိုးတက်ရရှိရေးအတွက်အသက်မွေးဝမ်းကျောင်းပညာသင်ပေးရန်နှင့်အလုပ်အကိုင်သစ်များရှာဖွေပေးရေး၊**
- **(၄) အမျိုးသမီးငယ်များအား နိုင်ငံတော်၏ အမျိုးသားရေးအင်အားစုအဖြစ် ကျစ်လျစ်ခိုင်မာအောင် လေ့ကျင့်ပေးရေး**

စသည်တို့ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်သည် ဤလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲနှင့် ဥပဒေများရှင်းလင်းပွဲကို (၅၆)ကြိမ် ပြုလုပ်ခဲ့ရာ အမျိုးသမီးဦးရေ ၃၄၇၂ဦး တက်ရောက်ခဲ့ကြကြောင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးဌာနများကိုလည်း သုံးခရိုင်၌ ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်မှုဆိုင်ရာ ဟောပြောပွဲ(၆၄)ကြိမ် ပြုလုပ်ခဲ့ရာ အမျိုးသမီး ၁၅၈၄ဦး တက်ရောက်ခဲ့ကြကြောင်း၊ လားရှိုးမြို့နှင့် သိန်းနီမြို့နယ်တို့၌ လူကုန်ကူးခြင်းခံရသည့် အမျိုးသမီးငယ် ခြောက်ဦးအား အချိန်မီတားဆီးပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ စနစ်တကျ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ အမျိုးသမီး ငယ်ရွယ်သူများအတွက် ယဉ်ကျေးမှုဆိုင်ရာ သင်တန်း အကြိမ်(၂၀)ကို ပြုလုပ်ပေးခဲ့သည့်အပြင် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေးတို့အတွက် ဟောပြောပွဲ (၁၅)ကြိမ် ပြုလုပ်ပေးခဲ့ကြောင်း၊ အလားတူပင် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကလည်း အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများဖန်တီးပေးခြင်းနှင့် ပညာတတ်ပြီးသော အမျိုးသမီးများအား မိမိကျွမ်းကျင်မှုနှင့် သင့်တော်သည့် လုပ်ငန်းများကို ရှာဖွေပေးနိုင်ခဲ့ကြောင်း။

အသေးစား အရင်းမပျောက် ချေးငွေလုပ်ငန်းသည် ချို့တဲ့သော အမျိုးသမီးများအတွက်များစွာအထောက်အကူဖြစ်စေကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများအား အကာအကွယ်ပေးခြင်း၊ ယဉ်ကျေးလိမ္မာပြီး ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားအောင် လေ့ကျင့်ပေးနိုင်ခြင်းနှင့် သင့်တင့်မျှတသည့် စီးပွားရေးအခြေခံကောင်းများရအောင် ဆောင်ရွက်ပေးနိုင်ခြင်းစသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်ကြောင်း။

မိမိတို့ အမျိုးသမီးရေးရာအဖွဲ့က ယခုကဲ့သို့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးခဲ့သလို ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခုလုံးအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့နိုင်ပါကြောင်း။

လမ်းများဖောက်၊ တံတားများဆောက်ပေးသည့်အတွက် ပြည်နယ်အတွင်း နေရာအနှံ့အပြား လွယ်ကူလျင်မြန် လုံခြုံချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ ကူးလူးဆက်သွယ်နိုင်၍ ရောင်းဝယ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပြည်တွင်းမှာရော အိမ်နီးနားချင်းနိုင်ငံများနှင့်ပါ ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ ထို့အပြင်ဆင်းရွှေလီအထူးအထွက်တိုးစပါး စသည့် အထွက်တိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်လာနိုင်ခြင်းကြောင့်လည်း ဒေသတွင်း ဆန်စပါးနှင့် အခြားသီးနှံများ ပိုလျှံ၍ အခြားဒေသများကိုပင် ရောင်းချနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်က သက်ငယ်မိုး ထရံကာနှင့် နေခဲ့ကြသည့် ကျေးလက်နေ ပြည်သူအများစုသည် အခုအခါ သွပ်မိုး၊ အုတ်ကာတို့ဖြင့် နေနိုင်ကြပြီဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသို့ အရောက်သွားရန်အတွက် ပြည်သူများစားဝတ်နေရေးပြေလည်ရန် တစ်နည်းအားဖြင့် စီးပွားရေးကောင်းနေရန်သည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်ဟု လေ့လာမှတ်သားမိပါကြောင်း၊ တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်သလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှလည်း ပြည်သူတစ်ရပ်လုံး တိုးတက်ကြီးပွားချမ်းသာကြမည်ဖြစ်ရာ အပြန်အလှန် အမှီသဟဲပြုနေကြကြောင်း၊ ထို့ကြောင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင်ရော

ကျောက်မဲခရိုင် မိုးမိတ်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခိုင်အေးချမ်း မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

တစ်ဦးချင်းတိုးတက်အောင်ပါ မိမိတို့အမျိုးသမီးထုတစ်ရပ်လုံးက တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

နိုင်ငံနှင့် လူမျိုးအကျိုးစီးပွား ပိုမိုဖြစ်ထွန်းအောင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက မဆုတ်မနစ် ပူးပေါင်းပါဝင်ဆောင်ရွက်နေချိန်တွင် မြန်မာအမျိုးသမီးများ၏ဘဝကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို အထူးသတိပြုရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ပြည်သစ်ညွန့်ဝေ (ခေါ်) မောင်မောင်ဦးစီးသည့် ပြည်ပြေးရာဇဝတ်သား အကြမ်းဖက်အဖျက်သမားအုပ်စုက နိုင်ငံတော်တည်ငြိမ်မှု ပျက်ပြားအောင်၊ တိုင်းပြည်စီးပွားရေး ကျဆင်းအောင်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးအောင် အကြမ်းဖက် အဖျက်လုပ်ရပ်များကို အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း။

မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေသည် NLD ဗဟိုအလုပ်အမှုဆောင် ဦးညွန့်ဝေ၏သားဖြစ်ပြီး ၁၉၈၈ခုနှစ် ဩဂုတ်လတွင် မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း သံတမန်ကုန်တိုက် ရတနာအရောင်းဆိုင် မန်နေဂျာလုပ်နေစဉ် ရတနာများပျောက်ဆုံးမှုဖြင့် အရေးယူခံရသည့် အကျင့်ပျက် ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း၊ ၁၉၈၉ခုနှစ်၌ ဝရမ်းပြေးအဖြစ် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ပြီး နိုင်ငံရေးအရေခြုံခဲ့သူလည်းဖြစ်ကြောင်း၊ မောင်မောင်သည် ၎င်း၏ အကျင့်စာရိတ္တပျက်ယွင်းမှုကို ဖုံးကွယ်ရန်နှင့် နိုင်ငံတော်အစိုးရကို ပြည်တွင်းပြည်ပ နှစ်ဖက်ညှပ်တိုက်ခိုက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အနောက်အဖွဲ့အစည်းများနှင့် ပေါင်းကာ အလုပ်သမားမျက်နှာစာမှ ထိုးနှက်တိုက်ခိုက်နိုင်ရန်အတွက် မြန်မာအလုပ်သမားသမဂ္ဂအဖွဲ့ (FTUB)ဆိုသည်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သူဖြစ်ကြောင်း၊ FTUB အရေခြုံထားသည့် ပြည်ပြေးမောင်မောင်၏ ဖုံးကွယ် လှည့်စားထားသော လုပ်ရပ်များကို ဆန်းစစ်လျှင် ဒညတအတွင်းရေးမှူး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမား သန်းလွင်နှင့်အတူ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများကို လက်ရဲဇက်ရဲ ကျူးလွန်ခဲ့ကြောင်း၊ နိုင်ငံ့ခေါင်းဆောင်များကို လုပ်ကြံရန်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများ၊ အချက်အချာကျသော နေရာများကို ဖောက်ခွဲဖျက်ဆီးရန်အတွက် ၁၉၉၇ခုနှစ် ဇွန်လတွင် မျိုးအောင်သန့်နှင့် ခင်ကျော်ဆိုသူနှစ်ဦးကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ စေလွှတ်ခဲ့သူမှာလည်း မောင်မောင်ပင်ဖြစ်ကြောင်း။

မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ရန်အတွက် ငွေကြေးထောက်ပံ့ကူညီခြင်း၊ ဖောက်ခွဲရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို အကြိမ်ကြိမ် စေလွှတ်ပေးပို့ခြင်းဖြင့် အကြမ်းဖက်မှု ကျူးလွန်နေသူဖြစ်ကြောင်း သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် တင်ပြထားသော်လည်း ILO သည် ကျား... ကျားမီးယပ်ဆိုသည့် သဘောထားဖြင့် ၂၀၀၅ခုနှစ် ILO ညီလာခံသို့ အကြမ်းဖက်သမား (Terrorist) မောင်မောင်ကို ICFTU ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ပြုပြီး စကား ပြောခွင့်ပင်ပြုခဲ့ပြန်ကြောင်း၊ ILO အနေဖြင့် မိမိ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် မိမိထုတ်ပြန်ထားသည့်အမိန့်ကို မိမိ ကိုယ်တိုင်ချိုးဖောက်ကာ အကြမ်းဖက်သမားမောင်မောင်ကို နေရာပေးထားကြောင်း။

အဆိုပါ ILO ညီလာခံ၌ အကြမ်းဖက်အဖျက်သမား ပြည်ပြေးမောင်မောင်က မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မျက်ကွယ်ပြု၍ စပါးရိတ်သိမ်းပွဲများနှင့် လမ်းဖောက်လုပ်မှုများတွင် လူ ၂၀၀၀ ကျော် ၃၀၀၀ကို အဓမ္မလုပ်အားပေးခိုင်းစေခဲ့သည်ဟု တင်ပြတိုင်ကြားခဲ့ကြောင်း၊ ယင်းတိုင်ကြားချက်ကိုကြည့်လျှင် ပြည်ပသို့ ဝရမ်းပြေးအဖြစ် ရောက်ရှိနေသည့် မောင်မောင်တစ်ယောက် မြန်မာ့ရိုးရာဓလေ့စရိုက်များကို မေ့ပျောက်ပြီး ရူးနှမ်းနေပြီဟု ဆိုရမှာသာဖြစ်ကြောင်း။

မြန်မာတိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် မရှိအတူ၊ ရှိအတူ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသူများဖြစ်ကြောင်း၊ ရပ်ကျိုးရွာကျိုးကို မည်သူ၏တိုက်တွန်းနှိုးဆော်ချက်မှမပါဘဲ ပင်ကိုဗီဇအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းကူညီလေ့ရှိကြကြောင်း၊ မိမိတို့၏ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ရွာလုံး တစ်ရပ်လုံး ရပ်ဓလေ့ရွာဓလေ့အဖြစ် စုရုံးပါဝင်လုပ်ဆောင်လေ့ ရှိကြကြောင်း၊ ရပ်ရေးရွာရေးကိစ္စများ၌ မိမိတို့မြန်မာအမျိုးသမီးများသည် ရိုးရာအစဉ်အလာမပျက် မောင်တစ်ထမ်း မယ်တစ်ရွက် ပါဝင် ဆောင်ရွက်နေလျက်ရှိကြကြောင်း။

မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို မသိနားမလည်သူများ ရှေ့မှောက်၌ ပြည်ပြေးမောင်မောင် တစ်ယောက် ဖောက်လွှဲဖောက်ပြန် ခလောက်ဆန်နေခြင်းသည် မြန်မာတိုင်းရင်းသားတို့၏ ဘာသာရေး ယုံကြည်ချက်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ မိမိဆန္ဒအလျောက် လိုလိုလားလား ပါဝင်လုပ်အားပေးခြင်း အစဉ်အလာများကို ထိခိုက်ပျက်ပြားအောင် တမင်သက်သက် လုပ်ဆောင်နေပင်ဖြစ်ကြောင်း၊ အနောက်အုပ်စုဆရာကြီး၏ သဘောတရားကွဲပြားခြားနားမှုနှင့် ဘောင်ခတ်သတ်မှတ်ဖိအားပေးမှုကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများတွင် အနုတ်လက္ခဏာဆောင်သော ပေးဆပ်ရခြင်းများရှိလာခဲ့သည်အထိ နိုင်ငံနှင့် လူမျိုးအတွက် ဆုံးရှုံးနေရသည်ကို တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတိုင်း ဆင်ခြင်ထောက်ရှုသတိပြုသင့်ပြီဟု ပြောကြားလိုကြောင်း။

ပြည်သစ် ညွန့်ဝေ(ခ)မောင်မောင်၏ ခလောက်ဆန်မှုကြောင့် အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် တားမြစ်ပိတ်ဆို့ခဲ့သည့်အတွက် ရန်ကုန်တိုင်း အတွင်းရှိ အထည်ချုပ်စက်ရုံ ၁၆၀ခန့် ပိတ်ပစ်ခဲ့ရပြီး အခြားစက်ရုံ၄၀ ခန့်မှ အလုပ်သမားများကိုလည်း လျှော့ချခဲ့ရကြောင်း။

ယင်းစက်ရုံ၊ အလုပ်ရုံများ၌ အလုပ်လုပ်ပြီး ပရိယေသနဝမ်းစာ ရှာဖွေနေကြရသည့် အလုပ်သမားပေါင်း ရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရရာ အမျိုးသမီး အလုပ်သမခုနစ်သောင်းကျော်လည်းပါဝင်ခဲ့ကြောင်း၊ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် မြန်မာအမျိုးသမီးငယ်အချို့သည် မိသားစုစားဝတ်နေရေး ပြေလည်ရေးအတွက် ကြုံရာကျပန်း လုပ်ငန်းများနှင့် ဖြေရှင်းရပ်တည်ခဲ့ရသဖြင့် အဆိုပါအခက်အခဲကို အမြတ်ထုတ်လိုသူတို့၏ ဖြားယောင်းသိမ်းသွင်းမှုကြောင့် လူကုန်ကူးမှု၏သားကောင်(Trefficked Victim)ဘဝအထိ ကျရောက်ခဲ့ရကြောင်း၊ မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားရေး ဘဝအဘက်ဘက်မှ ထိခိုက်နစ်နာဆုံးရှုံးအောင် ပြည်ပအားကိုးလုပ်ဆောင်နေသည့် အကြမ်းဖက် အဖျက်သမား ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်ဦးစီးသည့် အကြမ်းဖက်အဖျက်သမားအဖွဲ့၏ အဖျက်လုပ်ရပ်များကို မိမိတို့မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက လုံးဝဆန့်ကျင် ကန့်ကွက်ရှုတ်ချကြောင်း။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့် ဒုက္ခပေးရုံသာမက မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကို နိမ့်ကျလျော့ပါးအောင် ပြည်ပ အားကိုးဖြင့် လူတွင်ကျယ်လုပ်နေသည့် ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်ဦးစီးသည့် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂ (FTUB) နှင့် အခြားဆက်စပ်ပတ်သက်နေသော အကြမ်းဖက် အဖျက်သမားအဖွဲ့များကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ကိုယ်စား တင်ပြလိုက်ရပါကြောင်း။

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ ဖိအားပေး အပြစ်ရှာနေကြသည့် အနောက်နိုင်ငံကြီးအချို့နှင့် အဖွဲ့အစည်းအချို့ကိုလည်း မြန်မာတိုင်းရင်းသားများ၏ အတွင်းစိတ်သဘောကို တိတိကျကျသိအောင် လေ့လာဖို့ ပြောကြားလိုကြောင်း၊ မြန်မာတိုင်းရင်းသားများသည် ဖော်ရွေကြောင်း၊ သဘောကောင်းကြောင်း၊ တစ်ဖက်သားအပေါ် စာနာတတ်ကြောင်း၊ သို့ရာတွင် ဤအပေါ်အခွင့်ကောင်းယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် မမှန်မကန်ပြုမှုဆက်ဆံ အကျင့်လာလျှင်မူ ငုံ့မခံဘဲ တုံ့ပြန်တတ်ကြောင်း၊ မိမိတို့ အပေါ်ချိုလျှင် အချိုပေါ်သကာလောင်းသလို ကောင်းကောင်းလိုက်လျောတတ်သော်လည်း ခါးလာလျှင်မူ တမာပင်ထိပ်ဖျား၌ ကြက်ဟင်းခါးသီးတတ်သူများဖြစ်ကြကြောင်း သိထားစေလိုပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အမျိုးသမီးရေးရာအဖွဲ့ဝင် တိုင်းရင်းသူများသည် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ထားသော လုပ်ငန်းစဉ်များကို တစိုက်မတ်မတ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နိုင်ငံတော်က ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ညီညာဖြဖြ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်တင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လားရှိုးမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ယော့လဲ့ယွန်းက မြန်မာ အမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြဂုဏ်ပြုလိုကြောင်း၊ ယနေ့အချိန်အခါသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့များ ပီပီပြင်ပြင် ပြန်လည်ဖွဲ့စည်း၍ အရှိန်အဟုန်ဖြင့် လှုပ်ရှားဆောင်ရွက်နေသော ကာလဖြစ်ကြောင်း၊ မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှအမျိုးသမီးရေးရာအဖွဲ့များကလည်း အားတက်သရော ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ အနေဖြင့် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များ အောင်မြင်စေရေးအတွက် အမျိုးသမီးထုတစ်ရပ်လုံးက တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်အောင် စည်းရုံးဆောင်ရွက်နေကြောင်း၊ အလားတူမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသား ပညာရည်မြင့်မားရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလှုပ်ရှားဆောင်ရွက်နေပါကြောင်း၊ ထို့အတူ တိုင်းရင်းသားရေးရာလုပ်ငန်း စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪

မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားရေးဘဝ အဘက်ဘက်မှ ထိခိုက်နစ်နာဆုံးရှုံးအောင် ပြည်ပအားကိုးလုပ်ဆောင်နေသည့် အကြမ်းဖက် အဖျက်သမား ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင် ဦးစီးသည့် အကြမ်းဖက် အဖျက်သမားအဖွဲ့၏ အဖျက်လုပ်ရပ်များကို မိမိတို့မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက လုံးဝဆန့်ကျင် ကန့်ကွက် ရှုတ်ချ။

နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ လက်တွဲပြီး တိုင်းပြည်တိုးတက်အောင် ကြိုးပမ်းနေသလို အဖျက်သမား ပုဆိန်ရိုးတို့ကလည်း တိုင်းပြည် ဘေးအန္တရာယ်နှင့်ကြုံတွေ့အောင် နှောင့်ယှက်ဖျက်ဆီးနေ

➪ စာမျက်နှာ ၅ မှ

အဖွဲ့ကလည်း ပြည်ထောင်စုစိတ်ဓာတ်ရှင် သန်ထက်မြက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး လုပ်ငန်းတာဝန်တို့ကို ဆောင်ရွက်နေကြောင်း။

ဤလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်သည့် အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ကဦးစီးပြီး ဂုဏ်ပြုထိုက်သူ အမျိုးသမီးများကို ဂုဏ်ပြုကြောင်း၊ နိုင်ငံတော်မှဂုဏ်ပြုဆုရသည့် အမျိုးသမီး စာရေးဆရာမတစ်ဦး၊ အားကစားသမားငါးဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသူ ၁၀ ဦးတို့အား ဆုများချီးမြှင့်ခဲ့ကြောင်း၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၅ ခု ဖွင့်လှစ်ပြီး စာအုပ်စာစောင် ၃၇၅၀ လှူဒါန်းခဲ့ကြောင်း၊ ကျန်းမာရေးဟောပြောမှု (၄၆)ကြိမ်တွင် ဦးရေ ၂၁၁၆ဦး တက်ရောက်ခဲ့ကြပြီး သက်ကြီးရွယ်အိုများကိုလည်း ဆေးဝါးထောက်ပံ့ လှူဒါန်းခဲ့ကြောင်း၊ ဆင်းရဲနွမ်းပါးသူများအား ပညာသင်စရိတ် ထောက်ပံ့ခဲ့ရာတွင် အမျိုးသမီး ၃၈၅ ဦးအတွက် ငွေကျပ် ၁ ဒသမ ၀၂ သန်း၊ ဝတ်စုံစရိတ်အဖြစ် အမျိုးသမီး ၃၇၀ အတွက် ငွေကျပ် ၁ ဒသမ ၁၃ သန်းနှင့် စာအုပ်စာရေးကိရိယာ ငွေကျပ် ၁ ဒသမ ၁၆ သန်းဖိုး ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း၊ တိုင်းရင်းသားရိုးရာလုပ်ငန်းနှင့် ပတ်သက်၍ ဟောပြောပွဲ (၃၂)ကြိမ်ပြုလုပ်ခဲ့ရာ အမျိုးသမီး ၁၃၇၆ဦး တက်ရောက်ခဲ့ကြကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ရရှိရန်အတွက် နိုင်ငံတော်၏နေ့ကြီးရက်ကြီးများတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြစ်သည့် ရှမ်း၊ ကချင်၊ ပလောင်၊ "ဝ"၊ လီရှော၊ ကိုးကန့်၊ ဗမာစသည့် တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်မောင်မယ်များ စုပေါင်း၍ ကပြဖျော်ဖြေခဲ့ကြကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လူမှုရေးလုပ်ငန်းများ တိုးတက်အောင် အမျိုးသမီးရေးရာအဖွဲ့က တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့သလို နိုင်ငံတော်အစိုးရက မြောက်မြားစွာသော လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးထားသည်ကို တွေ့မြင်နိုင်ကြောင်း၊ အခြေခံပညာ ကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ယခင်ကထက် တိုးတက်လာပြီး ဒေသတိုင်း နေရာတိုင်း၌ ပညာသင်ယူခွင့် ရရှိနေကြပြီဖြစ်ကြောင်း၊ ဒီဂရီကောလိပ်၊ ကွန်ပျူတာကောလိပ်၊ နည်းပညာကောလိပ်တို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့၍လည်း အဆင့်မြင့်နည်းပညာရပ်များကို မိမိတို့ဒေသမှာပင် အိုးမကွာ အိမ်မကွာ သင်ကြားခွင့်ရရှိနေပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအတွက် လားရှိုး၌ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီး ဖွင့်လှစ်ပေးထားသဖြင့် ယခင်က ရန်ကုန်နှင့် မန္တလေးသို့ သွားရောက်ကုသရသော အခြေအနေမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာပင် ငွေကုန်ကြေးကျ သက်သာစွာ ကုသမှုခံယူနိုင်ပြီဖြစ်ကြောင်း။

လောကတွင် အပြုနှင့် အဖျက် ဆန့်ကျင်ဘက်နှစ်ခုသည် ဒွန်တွဲလျက်ရှိရာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာလက်တွဲပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်း ထမ်းဆောင်နေကြသလို ပြည်ပသြဇာခံ အဖျက်သမားများနှင့် ပြည်တွင်းပုဆိန်ရိုးတို့ကလည်း တိုင်းပြည် ဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့အောင် ဟန့်တားနှောင့်ယှက်ဖျက်ဆီးနေကြကြောင်း၊ အကြမ်းဖက်အဖွဲ့များအနက် သံခဲဦးစီးသည့် ABSDF အကြမ်းဖက်အဖျက်သမားအုပ်စုကလည်း တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးအောင် အဆက်မပြတ် လုပ်ဆောင်နေသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားဒီမိုကရက်တစ်တပ်ဦး အမည်ခံထားသည့် ABSDF ကို ၁၉၈၈ခုနှစ် နိုဝင်ဘာလတွင် နယ်စပ်ဒေသရှိ သောင်းကျန်းသူများ၏ နယ်မြေ၌ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ကို လက်နက်ကိုင်လမ်းစဉ်ဖြင့် နှောင့်ယှက်တိုက်ခိုက်နေသည့်အဖွဲ့ဖြစ်ကြောင်း၊ ယင်းအဖွဲ့သည် တပ်မတော်ကို ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်း မရှိသဖြင့် ပြည်သူလူထုအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဆက်တိုက်ကျူးလွန်လျက်ရှိကြောင်း။

ABSDF ၏ အကြမ်းဖက် လုပ်ရပ်များအနက် အဆိုးရွားဆုံးလုပ်ရပ်မှာ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ အတွင်း၌ပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ် အပူဇော်ခံရာ ကမ္ဘာအေးမဟာပါသာဏ လိုဏ်ဂူအတွင်း၌ ချိန်ကိုက်ဗုံးထောင်ပြီး ရဟန်းရှင်လူပြည်သူများ သေကျေပျက်စီး ထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ABSDF နှင့် အပေါင်းပါ အကြမ်းဖက်အဖျက်သမားများ၏ မိစ္ဆာဒိဋ္ဌိလုပ်ရပ်ကြောင့် ဘုရားဖူးများ စိတ်အေးချမ်းသာစွာ ဖူးမြော်ပူဇော်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးနေသည့် လုံခြုံရေးအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူ ငါးဦး သေဆုံးခဲ့ပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မြန်မာလူမျိုးဖြစ်ပါလျက် ဤကဲ့သို့ အထွတ်အမြတ်နေရာမျိုး၌လုပ်ခြင်းကို မိမိတို့အနေဖြင့် များစွာဝမ်းနည်းယူကျုံးမရဖြစ်ရသလို ခံပြင်းဒေါသထွက်ခဲ့ကြကြောင်း။

လားရှိုးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ယော့လဲ့ယွန်း မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

လူမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းမြှင့်တင်သွားကြမည်ဟု အဓိဋ္ဌာန်ပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လားရှိုးခရိုင် တန့်ယန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သန္တာဇော်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမြဲတမ်းထိတွေ့ဆက်ဆံပြီး ချမှတ်ပေးသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြလိုကြောင်း။

ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းများမှာ အမျိုးသမီးများနှင့် ပတ်သက်သော ဥပဒေများ၊ ပြဋ္ဌာန်းချက်များကို သုတေသနပြု၍ တွေ့ရှိအကြံပြုချက်များကို မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ အကြံပြုတင်ပြရန်၊ အမျိုးသမီးရေးရာနှင့် သက်ဆိုင်သော ဥပဒေများပြဋ္ဌာန်းချက်များကို စုစည်းတင်ပြရန်၊ အခါအားလျော်စွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးအပ်သော အမျိုးသမီးရေးရာ ဥပဒေပိုင်းဆိုင်ရာတာဝန်များကို ဆောင်ရွက်ရန် စသည်တို့ဖြစ်ကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးရေးရာလုပ်ငန်း အဖွဲ့ဝင်များသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် နှစ်ရှည်ပင်၊ အရိပ်ရပင်၊ လေကာပင်၊ ပန်းအလှပင်နှင့် စားပင်များ စိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးခြင်း၊ သစ်စေ့ပျိုးပွဲတော်နှင့် သစ်ပင်ထိန်းပွဲတော်များ ပြုလုပ်ခြင်းတို့ကို နေရာဒေသများစွာတွင် ဆောင်ရွက်ခဲ့ကြကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပတ်သက်၍ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရှင်းလင်းခြင်းနှင့် ယင်လုံအိမ်သာ ဆောက်လုပ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှု ကာကွယ်ရန်အတွက် ဆေးရုံ၊ ကျောင်းနှင့် အလုပ်ရုံများ၌ ဟောပြောမှု (၃၆)ကြိမ် ပြုလုပ်ပြီး ပညာပေး ဟောပြောခဲ့ကြကြောင်း၊

- **မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ သဘာဝပတ်ဝန်းကျင်ကို အကောင်းဆုံး ထိန်းသိမ်းသော နိုင်ငံတစ်ခုဖြစ်။**
- **နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ရေးအတွက် "ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း" ချမှတ်ဆောင်ရွက်ခဲ့ရာ အောင်မြင်သဖြင့် ခရိုင်များထပ်မံတိုးချဲ့ပြီး စီမံဆောင်ရွက်လျက်ရှိ။**
- **ပဲခူးရိုးမ အပါအဝင် ရေဝေရေလဲဒေသများ စိမ်းလန်းစိုပြည်ရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ပြီး ပုဂ္ဂလိကများကို ကျွန်းစိုက်ပျိုးထုတ်လုပ်ခွင့်ပေးကာ ဒေသတိုင်း စိမ်းလန်းစိုပြည်အောင် စီမံဆောင်ရွက်ပေးနေ။**
- **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် မမှန်မကန် စွပ်စွဲနေသူများကို "လာလေ့မြန်မာ ရှုလေ့မြန်မာ"ဟု ဖိတ်ခေါ်ကြိုဆိုလို။**

အဆိုပါအကြမ်းဖက် အဖျက်လုပ်ရပ်အပြင် ABSDF အဖွဲ့ ဆက်တိုက်ကျူးလွန်ခဲ့သည့် အကြမ်းဖက် အဖျက်လုပ်ရပ်များမှာ အတောမသတ်နိုင်အောင် ရှိနေကြောင်း၊ ABSDF အကြမ်းဖက် အဖျက်သမားအဖွဲ့၏ အကြမ်းဖက်လက်ချက်ကြောင့် သေကျေပျက်စီးဆုံးရှုံးရသည့် မိသားစုများမှာ မည်သို့မျှ မေ့ပျောက်၍ရနိုင်ကြမှာ မဟုတ်ကြောင်း။

သို့ရာတွင် ABSDF အကြမ်းဖက် အဖျက်သမားများကမူ ၎င်းတို့၏ လက်နက်ကိုင် လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်ကို တရားသေဆုပ်ကိုင်ထားပြီး နိုင်ငံတော်နှင့် ပြည်သူလူထု ပျက်စီးရာပျက်စီးကြောင်းကို လက်ရဲဇက်ရဲ ဆက်လက်လုပ်ဆောင်လျက်ရှိနေဆဲ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်မှုနှင့် အေးချမ်းတည်ငြိမ်မှုကို နှောင့်ယှက်ဖျက်ဆီးနေသည့် သံခဲဦးစီးသော ABSDF အကြမ်းဖက်အဖျက်သမားအဖွဲ့ကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် အမျိုးသမီးထုကြီး တစ်ရပ်လုံး၏ကိုယ်စား တင်ပြလိုက်ရပါကြောင်း။

တိုင်းပြည်နှင့် လူမျိုးကောင်းကျိုးကို ခေတ်အဆက်ဆက် သယ်ပိုးထမ်းရွက်ခဲ့ကြသော မြန်မာအမျိုးသမီးတစ်ရပ်လုံးအား ဂုဏ်ပြုကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်အတူ မိမိတို့ မြန်မာတိုင်းရင်းသူ အမျိုးသမီးထုကြီး တစ်ရပ်လုံးက ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့် ပူးပေါင်းလက်တွဲပြီး ကျရာအခန်းကဏ္ဍမှ နိုးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြမည်၊ မြန်မာအမျိုးသမီးများ၏

လားရှိုးခရိုင် တန့်ယန်းမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်သန္တာဇော် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု စကားပြောကြားစဉ်။ (သတင်းစဉ်)

ဤသည်မှာ မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ဦးစီးပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မှုများမှ အချို့ကို တင်ပြခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံကို သဘာဝပတ်ဝန်းကျင်ပျက်စီးအောင် သစ်များကို ပရမ်းပတာ စည်းမဲ့ကမ်းမဲ့ ခုတ်နေသည်၊ မြေအောက်၊ ရေအောက် သယံဇာတများကို မဆင်မခြင် ထုတ်နေသည် စသည်ဖြင့် ပြည်ပအဖွဲ့အစည်းအချို့နှင့် ပြည်တွင်းရှိ အဆိုးမြင်ဝါဒီများက မဟုတ်မမှန် လုပ်ကြံစွပ်စွဲခဲ့ကြကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ သဘာဝပတ်ဝန်းကျင်ကို အကောင်းဆုံးထိန်းသိမ်းသော နိုင်ငံတစ်ခုဖြစ်သည်ဆိုလျှင် မမှားကြောင်း၊ မြန်မာနိုင်ငံသည် သစ်တောများကို ထိန်းသိမ်းပြီး စနစ်တကျခုတ်လှဲမှုဖြင့် တစ်ပင်လှဲ–နှစ်ပင်ပြန်စိုက်ရသော စနစ်ဖြင့် သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလျက်ရှိကြောင်း၊ ဆန့်ကျင်ဘက် ကိုယ်ကျိုးရှာသမားနှင့် မသမာသူတို့ကသာ သစ်ပင်ကြီးငယ်တို့ကို ခိုးကြောင်ခိုးဝှက် ခိုးခုတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဤသည်ကိုလည်း နိုင်ငံတော်က ကြပ်ကြပ်မတ်မတ် တားဆီးနှိမ်နင်းလျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ရေးအတွက် **"ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း"** ချမှတ်ဆောင်ရွက်ခဲ့ရာ အောင်မြင်သဖြင့် ခရိုင်များထပ်မံတိုးချဲ့ပြီး စီမံဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုကို ပြည်သူများ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း၊ ထို့ပြင် ပဲခူးရိုးမ အပါအဝင် ရေဝေရေလဲဒေသများ စိမ်းလန်းစိုပြည်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်ပြီး ပုဂ္ဂလိကများကို ကျွန်းစိုက်ပျိုးထုတ်လုပ်ခွင့်ပေးကာ ဒေသတိုင်း စိမ်းလန်းစိုပြည်အောင် စီမံဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

မြန်မာတိုင်းရင်းသားများသည် သစ်တောသစ်ပင်ကို ချစ်တတ်သူများဖြစ်ကြောင်း၊ **"အရိပ်နေနေ၊ အခက်ချိုးချိုး"** မလုပ်တတ်ကြကြောင်း၊ ကျေးဇူးတရားကို သိတတ်သူများဖြစ်ကြောင်း၊ သစ်ပင်၏တန်ဖိုးကို နားလည်ကြသူများဖြစ်ကြောင်း၊ နိုင်ငံတော်က သတ်မှတ်ပေးသော သစ်ပင်ငါးမျိုးဖြစ်သည့် ရတနာပင် (ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်) စသည်များ၊ အရိပ်ရလေကာပင်၊ နှစ်ရှည်စားပင်၊ ပန်းအလှပင်နှင့် ရာသီပင်များကို နေရာဒေသတိုင်း၌ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှိန်အဟုန်မြှင့်တင် စိုက်ပျိုးနေကြကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် မမှန်မကန် စွပ်စွဲနေသူများကို "လာလေ့မြန်မာ ရှုလေ့မြန်မာ"ဟု ဖိတ်ခေါ်ကြိုဆိုလိုကြောင်း။

မိမိတို့ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် အိမ်နီးချင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ပြည်နယ်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု အလွန်ကောင်းကြောင်း၊ ယင်းသို့ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေခြင်းသည် နိုင်ငံတော်အစိုးရ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ပြည်သူပြည်သားများ စွမ်းအားကြောင့်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အမျိုးသားနိုင်ငံရေးဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားပန်းတိုင်ဖြစ်သော "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်"ဆီသို့ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးလမ်းကြောင်းမှန်များအတိုင်း ဦးတည်ချီတက်လျက်ရှိကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး အမျိုးသားညီလာခံကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုအသီးအပွင့်များ ရရှိနေပြီဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ် ဖော်ဆောင်နိုင်အောင် အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စားဝတ်နေရေးပြေလည်မှုနှင့် ပညာတတ်များ ပေါ်များအောင် နိုင်ငံတော်အစိုးရက စီမံချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဟူသည့် ပန်းတိုင်ဆီသို့ မလွဲမသွေရောက်ရှိတော့မည်ဟု ယုံကြည်ကြောင်း ဂုဏ်ပြုတင်ပြအပ်ပါကြောင်း။

ယင်းကဲ့သို့ နိုင်ငံနှင့် လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေသည်နှင့် တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးရပ်တန့်သွားအောင်၊ ပျက်စီးဆုံးရှုံးအောင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

ILO သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏အောက်၌ သိက္ခာရှိသောအဖွဲ့ကြီးဖြစ်သင့် အနောက်အုပ်စုနိုင်ငံကြီးများ၏ ရုပ်သေးရုပ်ပုဆိန်ရိုး NCGUB ကို လုံးဝဆန့်ကျင်ရှုတ်ချ

✻ စာမျက်နှာ ၆ မှ

လုပ်နေကြသည့် အနောက်အင်အားကြီး နိုင်ငံအချို့ အဖွဲ့အစည်းအချို့နှင့် လူပုဂ္ဂိုလ်အချို့ ရှိနေကြသည်ကို သတိပြုကြရမှာဖြစ်ကြောင်း၊ ယင်းအထဲတွင် ILO(ခေါ်) အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကြီး ပါနေခြင်းသည် စိတ်မကောင်းစရာဖြစ်ကြောင်း၊ ILOသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏အောက်၌ သိက္ခာရှိသော အဖွဲ့ကြီးဖြစ်သင့်ကြောင်း၊ သို့ရာတွင် အနောက်နိုင်ငံကြီးအချို့၏ အလိုကျ နိုင်ငံငယ်များအပေါ် ဖိအားပေးခြင်း၊ စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုကို အားပေးခြင်း၊ လူမှုရေးအရ မဟုတ်မမှန် သတင်းများကို လက်ခံပြီးစွပ်စွဲခြင်း၊ လိုက်လျောတင်ပြချက်များအပေါ် ယိုးမယ်ဖွဲ့ပြီး အပြစ်ရှာခြင်းများ လုပ်နေခြင်းသည် ILO ၏ ပဋိညာဉ်ပါလားဟု မေးမြန်းလိုကြောင်း။

ထို့ကြောင့် နိုင်ငံအများစုက ILOသည် ဘက်လိုက်မှုရှိကြောင်း၊ ကော်မတီ၌ နိုင်ငံရေးလွှမ်းမိုးမှုရှိကြောင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြောင်း၊ ILOအပေါ်ယုံကြည်ရမှုသည် ရုတ်ခြည်းကျဆင်းလာနေကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်၌ အပြစ်တင်ဝေဖန်ခြင်းသည် မတရားကြောင်း စသည်ဖြင့် ပြင်းပြင်းထန်ထန်ဝေဖန်ထောက်ပြ သွားခဲ့ကြကြောင်း၊ ILO ၏သိက္ခာ မည်မျှကျဆင်းနေသည်ကို တွေ့မြင်နိုင်ကြောင်း။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ILO က မတရားစွပ်စွဲခြင်း၊ ဖိအားပေးခြင်း၊ အပြစ်ရှာခြင်းမျိုးများကိုပို၍ ပြုလုပ်နေကြောင်း၊ ရာဇဝတ်သား ဝရမ်းပြေး အကြမ်းဖက်သမား ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင်ကို မတန်မရာ နေရာပေးပြီး ၎င်း၏ မမှန်မကန်ပြောဆိုမှုကိုအခြေခံကာ ဆောင်ရွက်နေသည့် ILO၏လုပ်ရပ် မှန်ကန်နိုင်ပါ့မလားဟု မေးစရာဖြစ်နေကြောင်း၊ အထူးသဖြင့် Convention (29) ကို သဘောတူကြောင်း လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံအပေါ် သဘောမတူ၍ လက်မှတ်ရေးထိုးခြင်းလည်းမရှိ၊ လိုက်နာဆောင်ရွက်ခြင်းလည်းမရှိသည့် နိုင်ငံအချို့နှင့်အဖွဲ့အစည်းအချို့က ILOအစည်းအဝေးကြီး၌ ဝေဖန်ပုတ်ခတ်သည်ကို ခွင့်ပြုခြင်းသည် ILO စည်းမျဉ်း၌ပါနေ၍လားဟု မေးခွန်းထုတ်လိုက်ပါကြောင်း၊ မြန်မာနိုင်ငံသည် ILOအဖွဲ့ဝင် ဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း၊ ILO ကြောင့် ဘာအကျိုးကျေးဇူးမျှမရခဲ့ဘဲ ဖိအားပေးခြင်း၊ အပြစ်ရှာခြင်းကိုသာခံခဲ့ရကြောင်း၊ ဤအတွက် မိမိတို့မြန်မာ အမျိုးသမီးထု တစ်ရပ်လုံးက စိတ်မချမ်းမသာဖြစ်ကြရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံက အမျိုးမျိုးလိုက်လျောပြီး ပူးပေါင်းဆောင်ရွက်နေသော်လည်း ILO က အပြစ်ရှာခြင်း၊ ဖိအားပေးခြင်းတို့သာ ပြုလုပ်နေသဖြင့် ဤအဖွဲ့သည် ဆက်လက်ပူးပေါင်း ဆောင်ရွက်သင့်သောအဖွဲ့ ဟုတ်၊ မဟုတ် ပြန်လည်သုံးသပ် စဉ်းစားသင့်ကြောင်း တင်ပြအပ်ပါကြောင်း။

အလားတူပင် မြန်မာနိုင်ငံကို တိုင်းတစ်ပါးနောက်လိုက်ဖြစ်အောင် လုပ်ဆောင်နေပြီး မြန်မာအမျိုးသမီးများ၏ဘဝကို ဖျက်လိုဖျက်ဆီးလုပ်နေသော ပြည်ပြေး စိန်ဝင်း ဦးစီးသည့် NCGUBအဖွဲ့အကြောင်း တင်ပြလိုကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသားရေး အကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသည့် အခြေခံမူများနှင့်အညီ ချမှတ်ထားသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလိုအချိန်တွင် ပြည်ပြေး စိန်ဝင်းဦးစီးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအမည်ခံ NCGUB က မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအပါအဝင် မြန်မာပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားမရှုဆိတ်ဘဲ အကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်များဖြင့် နှောင့်ယှက်ဖျက်ဆီးနေသည်ကို တွေ့ရှိနေရကြောင်း၊ ပြည်ပြေး စိန်ဝင်းအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုသူ ရှစ်ဦးသည် နိုင်ငံတော် ကိုသစ္စာဖောက်ပြီး ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ၁၉၉၀ပြည့်နှစ် ဒီဇင်ဘာလ ၃၀ရက်နေ့၌ နိုင်ငံတော်က တရားခံပြေးများအဖြစ် ကြေညာထားခဲ့ပြီးဖြစ်ကြောင်း။

ပြည်ပြေးစိန်ဝင်းနှင့် အပေါင်းအပါတစ်စုသည် ၁၉၉၀ပြည့်နှစ် ဒီဇင်ဘာလ ၁၈ရက်နေ့တွင် သောင်းကျန်းသူအဖျက်သမားများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ ဒီမိုကရက်တစ်တပ်ပေါင်းစု DFB ဆိုသည်ကို တရားမဝင် ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ပြေးစိန်ဝင်းအဖွဲ့သည် ၎င်းတို့ကိုယ်၎င်းတို့ စင်ပြိုင်အစိုးရဟု အမည်ခံထားသော်လည်း လက်တွေ့လုပ်ရပ်များမှာ မြန်မာပြည်သူများအား အကြမ်းဖက် သတ်ဖြတ်သည့် အဖျက်လုပ်ရပ်များပင်ဖြစ်နေကြောင်း။

အနောက်ဆရာကြီးများ၏ ကြိုးဆွဲရာကိုကနေသည့် ပြည်ပြေးစိန်ဝင်းသည် ၁၉၉၇ခုနှစ် မတ်လ ၁၁ရက်မှ ၁၆ရက်အထိ နိုင်ငံတစ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ၎င်း၏ပြည်ပြေးအဖွဲ့ဝင်များနှင့်အတူ ၎င်းနိုင်ငံသို့ရောက်နေသည့် ဆန့်ကျင်ဘက် အဖွဲ့အစည်းများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ပင်ရေးအတွက် ဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း၊ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ရေးအစီအစဉ်များရေးဆွဲပြီး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ပြေး စိန်ဝင်း၏ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်း၌ အဓိကလက်တွေ့အကောင်အထည် ဖော်သူများမှာ သိန်းငွေနှင့် သောမတ် (ခေါ်) ဂုဏ်အောင် တို့ဖြစ်ကြောင်း၊ ပထမဆုံး အကောင်အထည်ဖော်သည့်လုပ်ရပ်မှာ မြန်မာနိုင်ငံအတွင်းသို့ ပါဆယ်ဗုံး ပေးပို့ပြီး ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် မြန်မာပြည်သူများ အတိဒုက္ခရောက်အောင် လုပ်ဆောင်နေသည့် ပြည်ပြေးစိန်ဝင်းနှင့် အဖွဲ့၏လုပ်ရပ်ကို မိမိတို့မြန်မာအမျိုးသမီးများက လုံးဝလက်မခံနိုင်ကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးချိုးဖောက်နေသည့် NCGUB ၊ ပြည်သူများ၏ အကျိုးစီးပွားပျက်ပြားအောင်၊ ဆူပူအုံကြွမှုများဖြစ်အောင် ဖန်တီးနေသည့် NCGUB၊ ပြည်သူများချောက်ချားပြီး ကျီးလန့်စာစား မတည်မငြိမ်ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ လုပ်နေသည့် NCGUB၊ ပြည်ပ၏ထောက်ပံ့ ငွေများနှင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဗန်းပြပြီး နိုင်ငံရေးအရေခြုံ လုပ်စားနေသည့် NCGUB၊ အနောက်အုပ်စုနိုင်ငံကြီးများ၏ ထားရာနေစေရာသွား ခိုင်းတာလုပ်နေသည့် ရုပ်သေးရုပ်ပြည်ပအားကိုးပုဆိန်ရိုး NCGUB ကို လုံးဝ ဆန့်ကျင်ရှုတ်ချကြောင်း ပြောကြားလိုက်ပါကြောင်း။

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး အပါအဝင် မြန်မာပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးနေသည့် နယ်ချဲ့လက်ပါးစေ ပြည်ပြေး စိန်ဝင်း၏ NCGUB အဖွဲ့နှင့် အခြားဆက်စပ် ပတ်သက်နေသော အဖွဲ့အားလုံးကိုလည်း မတရားအသင်းအဖြစ် ကြေညာပေးပါရန် ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် မြန်မာအမျိုးသမီး ထုကြီး၏ကိုယ်စား တင်ပြလိုက်ရပါကြောင်း။

နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကြီးမားသော မိမိတို့ မြန်မာအမျိုးသမီး များသည် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ တွန်းလှန်ဖယ်ရှားပြီး နိုင်ငံတော်က ချမှတ်ပေးထားသည့် အမျိုးသားနိုင်ငံရေး လမ်းကြောင်းမှန်အတိုင်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲလျှောက်လှမ်းသွားကြမည်ဟု မြန်မာအမျိုးသမီး များနေ့ကို ဂုဏ်ပြုဖော်ပြကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပရာ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားစွမ်းရည်ပြအဖွဲ့များဖြစ်သည့် အေရိုးဗစ်သရုပ်ပြ အဖွဲ့၊ မြန်မာ့သိုင်းနှင့် ဂူရှူးသရုပ်ပြအဖွဲ့တို့အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အမျိုးသမီးငယ်ရွယ် အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ပိုပိုကြည်က ဆုငွေ ကျပ်လေးသိန်းနှစ်သောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ကြွေးကြော်သံများ တညီတညွတ်တည်း ကြွေးကြော်ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ (သတင်းစဉ်)

Convention (29) ကို သဘောတူကြောင်း လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံအပေါ် သဘောမတူ၍ လက်မှတ်ရေးထိုးခြင်းလည်းမရှိ၊ လိုက်နာဆောင်ရွက်ခြင်းလည်းမရှိသည့် နိုင်ငံအချို့နှင့် အဖွဲ့အစည်းအချို့က ILO အစည်းအဝေးကြီး၌ ဝေဖန်ပုတ်ခတ်သည်ကို ခွင့်ပြုခြင်းသည် ILO စည်းမျဉ်း၌ပါနေ၍ လားဟု မေးခွန်းထုတ်။

အပြင်းစားရိုက်ချက် ဇာတ်ကားသစ်ရုံတင်

ရန်ကုန် ဇူလိုင် ၉

ယခုသောကြာပတ် ဇူလိုင် ၈ ရက်တွင် မြန်မာရုပ်ရှင်ကားသစ် **အပြင်းစားရိုက်ချက်** တစ်ကားတည်း မြို့လယ်ရုံများဖြစ်သည့် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ရုံတင်ပြသသည်။

အပြင်းစားရိုက်ချက်

စိန်သရဖူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဂေါက်ကြီး၏ ဇာတ်လမ်းကို ဒါရိုက်တာ မိုက်တီး ရိုက်ကူးသည့် **အပြင်းစားရိုက်ချက်** ဇာတ်ကားမှာ ရုပ်ရှင်ဒါရိုက်တာဖြစ်လိုသူ တစ်ယောက်၏ စိတ်ကူးယဉ် အိပ်မက်မှာ ၎င်း၏ စိတ်ဝင်တစား ကြိုးပမ်းမှုကြောင့် တကယ့်ဒါရိုက်တာ တစ်ဦးအဖြစ် ရုပ်တည်သွားနိုင်ပုံများကို ဟာသအခြေခံ၍ ကူးထားသော ဇာတ်ကား တစ်ကားဖြစ်သည်။ လွင်မိုး၊ ခင်လှိုင်၊ တင့်တင့်ထွန်း၊ ထွန်းထွန်းနိုင်၊ မိုးဒီ၊ ဇေရာနှင့် ကင်းကောင်တို့ ပါဝင်ထားကြသည်။

ချစ်ခြင်းငယ်ပြိုင်

မိဘမေတ္တာကို အဓိကဖော်ကျူး ရိုက်ကူးထားသည့် **ချစ်ခြင်းငယ်ပြိုင်** ရုပ်ရှင်ကားမှာ ရှေ့ဆောင်ရုံတွင် ပြသနေဆဲဖြစ်သည်။ ဂျပန်နိုင်ငံတွင် သွားရောက်ရိုက်ကူးခဲ့သည့် မြန်မာရုပ်ရှင်ကားဖြစ်ပြီး ဂျပန်နိုင်ငံမြို့ကြီးများ၏ ရှုခင်း၊ ရှုကွက်သာယာလှပမှုနှင့် ရိုးရာဓလေ့ ထုံးစံများကိုပါ ရိုက်ကူးထားသည့် ကားတစ်ကား ဖြစ်ပေရာ ပရိသတ်အားပေးမှု ယခုတိုင် ရရှိဆဲဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ဒါရိုက်တာ LEE TAMAHORI ရိုက်ကူးပြီး လူမည်းသရုပ်ဆောင် ICE CUBE ပါဝင် သရုပ်ဆောင်ထားသည့် XXX THE NEXT LEVEL Part -2 ဇာတ်ကားရုံတင်ပြသနေသည်။စွန့်စား တိုက်ခိုက်မှုအသားပေး အက်ရှင်ဇာတ်ကြမ်းကားဖြစ်သည်။

နဝဒေးရုပ်ရှင်ဥယျာဉ်တွင် စနိုးဗိုက်ဗီဒီယိုထုတ်လုပ်ရေးမှ ဝတ္ထုဇာတ်ညွှန်းကိုလွင် (စနိုးဗိုက်) ရေးသားပြီး ဒါရိုက်တာ မောင်မောင်ဦး(စနိုးဗိုက်) ရိုက်ကူးသည့် မိုက်လမ်းပြန် အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ဇူလိုင် ၈ရက် သောကြာနေ့တွင် ရုံတင်ပြသသည်။

နိုင်းနိုင်း၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်နှင့် အကယ်ဒမီ အောင်ခိုင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။ (ကြေးမုံ)

အပွဲချုပ်ဥက္ကဋ္ဌဖလား ဆန်းဆိုလူရွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

၂၀၀၅ခုနှစ် မြန်မာနိုင်ငံ ဂူရှူး အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဆန်းဆိုလူရွေး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအဖြစ် အမျိုးသားပွဲစဉ် ခြောက်ပွဲနှင့် အမျိုးသမီးပွဲစဉ် သုံးပွဲ ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ နာယကများ ဖြစ်ကြသည့် ဒေါ်စန်းစန်းနှင့် ဒေါ်ကြည်ကြည်ဝင်းတို့က အမျိုးသမီးပြိုင်ပွဲ ဆုရရှိသူများအား လည်းကောင်း၊ ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် တာဝန်ရှိသူများက အမျိုးသားပြိုင်ပွဲ ဆုရရှိသူများအားလည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ကြသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အဖွဲ့ဝင်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး အမျိုးသမီး(၄၅)ကီလို ဆန်းဆိုပြိုင်ပွဲ ပထမဆုရ စီစီစိန်အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း (၄၅)နှစ်မြောက် နီလာရတု အထိမ်းအမှတ် ဂုဏ်ပြုပွဲကို ဇွန် ၂၆ ရက်က တော်ဝင်နှင်းဆီဥယျာဉ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့် (မြန်မာစာဌာန)က နီလာရတုအထိမ်း အမှတ်တံဆိပ် ဂုဏ်ပြုလက်ဆောင်ကို မြန်မာနိုင်ငံ ခြေလျင်နှင့်တောင် တက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ပိုင်စိုးအား ပေးအပ်စဉ်။(အား/ကာ)

✧ မြန်မာ့ယဉ်ကျေးမှုမှ

သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ အလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်အေးအေးမင်း၊ ဒေါ်ဆွေဆွေသန်း၊ ဒေါ်ခင်မေအောင်နှင့် ဒေါ်ခင်လေးမူတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မိုးမိုးခိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ထူးမိမိဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ သဘာပတိ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြသည့်အတွက် ဤကြီးမားသည့် အမျိုးသားရေးအရင်းအမြစ်ကို အခြေခံပြီး အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်သည့် အမျိုးသားရေးစွမ်းအားစုတစ်ရပ် ဖြစ်ထွန်းလာစေရန် **“မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်”** ကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများသည် တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်မြှင့်တင်ရေး လုပ်ငန်းများတွင် အမျိုးသားများနှင့် လက်တွဲရင်ပေါင်တန်းပြီး ဆောင်ရွက်ခဲ့သည်မှာ ယနေ့ခေတ်ကာလမှမဟုတ်ဘဲ ရှေးယခင်နှစ်ပေါင်းများစွာ ကတည်းကပင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများအရ တွေ့ရှိကြရမှာဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ပြုပြီး သိမ်းပိုက်လိုက်သည့်အခါ မြန်မာတစ်နိုင်ငံလုံး နေရာအနှံ့အပြားတွင် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြကြောင်း၊ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ယင်းအချိန်ကတည်းက နယ်ချဲ့ဆန့်ကျင် တွန်းလှန်ရေးတိုက်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင် အမျိုးဘာသာ သာသနာအကျိုးဆောင်ရွက်နိုင်ရန် အမျိုးသမီးအသင်းအဖွဲ့များဖြစ်သည့် **“မြန်မာကုမ္ဘာရီအသင်း”**၊ **“မြန်မာအမျိုးသမီး နေရှင်နယ်ကောင်စီ”**၊ **“မြန်မာပြည်လွတ်လပ်ရေး အမျိုးသမီးအဖွဲ့” “ဗုဒ္ဓကလျာဏယုဝကုမ္ဘာရီအသင်း”** စသည့် အဖွဲ့အစည်းများဖွဲ့စည်းပြီး လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်ကိုလည်း သမိုင်းစာမျက်နှာများပေါ်တွင် အထင်အရှားတွေ့ရှိနိုင်ကြောင်း၊ ဤအသင်းအဖွဲ့များသည် မြန်မာအမျိုးသမီးများ မျိုးချစ်စိတ်ဓာတ် ထက်သန်နိုးကြားကြရန်၊ လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်ကြရန်၊ အမျိုးအနွယ်ကို စောင့်ထိန်းတတ်ကြရန်၊ မိမိရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ လေးစားလိုက်နာတတ်ကြရန် ရှေ့ဆောင်လမ်းပြပေးခဲ့ကြကြောင်း။

မြန်မာ့မြေမှာမွေးသည့် မြန်မာအမျိုးသမီးပင်ဖြစ်သော်လည်း တိုင်းတစ်ပါးကိုအထင်ကြီး၊ သူတစ်ပါးနိုင်ငံမှာနေပြီး တိုင်းတစ်ပါးသားကို အလုပ်အကျွေးပြုနေသူတွေအဖို့တော့ မြန်မာ့ရိုးရာယဉ်ကျေးမှုကိုလည်းမသိ၊ အမျိုးအနွယ်စောင့်ထိန်းရန်လည်း နားမလည်၊ မျိုးချစ်စိတ်ဆိုတာ ချိုနှင့်လားဟု မေးရမည့် ပြည်ပသြဇာခံ၊ ပြည်တွင်းသစ္စာဖောက်အချို့ရှိနေသည်ကို မိမိတို့ အမျိုးသမီးထုကြီးအနေဖြင့် သတိပြုကြရမှာဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများဟုဆိုရာတွင် အဘွား၊ အမေ၊ အဒေါ်၊ အစ်မ၊ ညီမ၊ တူမအားလုံးကို ဆိုလိုပါကြောင်း၊ မိမိတို့၏အဘွားများသည် အဘိုးများနှင့် လက်တွဲပြီး ယခု မိမိတို့ ခံစားစံစားနေကြရသည့် လွတ်လပ်ရေးကို နယ်ချဲ့ထံမှပြန်လည်ရရှိအောင် တိုက်ယူပေးခဲ့ကြသကဲ့သို့ အမေနှင့်အဒေါ်တို့သည်လည်း အဖေတို့ ဦးလေးတို့နှင့်အတူ နယ်ချဲ့တို့၏ ဖိအားပေးမှုကိုဆန့်ကျင်ပြီး အမိပြည်ထောင်စုကြီးကို ကာကွယ်နေကြပြီဖြစ်ကြောင်း၊ အစ်မ၊ ညီမ၊ တူမ၊ သမီးလေးတို့သည်လည်း နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်ကို ဆင့်ပွားဆက်ခံပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း၊ ဤသည်မှာ မြန်မာအမျိုးသမီးမျိုးဆက်သစ်များ၏ မွေးရာပါ သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း။

မိမိတို့အဘွားများလက်ထက်က အသက်ပေါင်းများစွာ စွန့်လွှတ်ပြီး နယ်ချဲ့ထံမှ ပြန်လည်ရယူထားရသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးကို ခေတ်သစ်နယ်ချဲ့တို့၏အလိုကျ ချုပ်ကိုင်ခြယ်လှယ်မှုအောက်သို့ ဘယ်လိုနည်းနှင့်မျှ ပြန်အရောက်မခံနိုင်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် လူဦးရေ ၅၄သန်းကျော်ရှိသည့်အနက် လူဦးရေ ၂၇သန်းကျော်သည် အမျိုးသမီးများဖြစ်ကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပဲခူးတိုင်း ပဲခူးမြို့ အားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူကလေးများ “မြန်မာအမျိုးသမီးငယ်ရွယ်များ” တေးသီချင်းကို စုပေါင်းသီဆိုကြစဉ်။ (သတင်းစဉ်)

အင်အားကြီးနိုင်ငံအချို့နှင့် အဆိုးမြင်ဝါဒီအချို့အား မြန်မာနို
အပြုသဘောဖြင့်ချဉ်းကပ်ရန်၊ ရိုးသားမှုဖြင့်ရှုမြင်ရန်၊ အမျ

ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင် ဆောင်ရွက်ကြရာတွင် အင်အားကြီးမားလှသည့် မြန်မာအမျိုးသမီးထုကြီး၏ ဆောင်ရွက်ချက်စွမ်းပကားသည် အလွန်ပင်အရေးပါလှကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရ၏ နေ့မအား၊ ညမနား ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများကြောင့် ခေတ်အဆက်ဆက်၌ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရသည့် မိမိတို့၏နိုင်ငံသည် ယနေ့အချိန်တွင် နိုင်ငံတော်အတွင်း ဒေသအနှံ့အပြား အကြားအလပ်မကျန်အောင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍပေါင်းစုံတွင် ယခင်နှင့်မတူ ထူးခြားစွာ တိုးတက်ပြောင်းလဲလာသည်ကို မည်သူမျှမငြင်းနိုင်အောင် တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ဤသည်ကို မနာလိုမရှုဆိတ်နိုင်ဘဲ မိမိတို့၏ ရတနာမျိုးစုံနှင့် သဘာဝသယံဇာတ ပေါကြွယ်ဝလှသည့်နိုင်ငံကို ကျွန်ဇာတ်သွင်းချင်ကြသည့် ခေတ်သစ်ကိုလိုနီနိုင်ငံကြီးများက နယ်ချဲ့နည်းစနစ်မျိုးစုံဖြင့် လွှမ်းမိုးခြယ်လှယ်နိုင်အောင် ကြိုးပမ်းနေကြကြောင်း၊ မိမိတို့အနေဖြင့် ယခုရရှိနေသည့် အောင်မြင်မှုများနှင့် ရည်မှန်းချက်ရောက်ခါနီး အခြေအနေများကို မည်သည့်နည်းနှင့်မျှ အပျက်အစီး အဆုံးအရှုံးမခံနိုင်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံ၏ အမျိုးသမီးရေးရာနှင့်စပ်လျဉ်းပြီး **“နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းတည်ဆောက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အကောင်အထည်ပေါ်အောင်၊ ခိုင်မြဲလာအောင် အမျိုးသမီးထုကြီးက ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားရန်၊ အမျိုးသမီးအခွင့်အရေး၊ လူ့မှုရေးအခွင့်အရေးတို့ကို အသုံးချပြီး အမျိုးသမီးငယ်များကို လမ်းမှားသို့တွန်းပို့နေသည့် နယ်ချဲ့အလိုတော်ရိတို့၏ လှုံ့ဆော်ဖန်တီးမှုကို ဆန့်ကျင်တိုက်ဖျက်သွားကြရန်၊ မြန်မာအမျိုးသမီးများ၏ နူးညံ့ယဉ်ကျေးသည့် ဓလေ့စရိုက်၊ နက်ရှိုင်းတည်ငြိမ်သည့် အမူအကျင့်၊ နက်နဲသိမ်မွေ့သည့် အတွေးအခေါ်အယူအဆ၊ အထိန်းအကွပ်ဖြင့် ဖြစ်ထွန်းလျက်ရှိသည့် အခွင့်အလမ်းများ ပုံမှန်ရှင်သန်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်”** ဟူ၍ လမ်းညွှန်မိန့်ကြားထားကြောင်း။

ယနေ့ကာလတွင် မြန်မာအမျိုးသမီးများသည် အရပ်ရပ်သော အရည်အချင်းများဖြင့် ပြည့်စုံနေပြီဖြစ်သည့်အတွက် နိုင်ငံ့တာဝန်များကို ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ သို့သော် မိမိမှာရှိနေသည့် အရည်အချင်းများကို တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် အသုံးမချဘဲ တိုင်းတစ်ပါးအကျိုးအတွက်သာ ဆောင်ရွက်နေသူများလည်း ရှိနေကြောင်း၊ မြန်မာ့ဆိုရိုးတွင် “မိန်းမဖျက်တော့ ပြည်ပျက်သည်” ဆိုသည့် မိန်းမဆိုးများနှင့် ပတ်သက်သည့် စကားပုံတစ်ခုရှိကြောင်း။

ထို့ကြောင့် လူယုံမွေး ရုပ်သေးအစိုးရတင်ပြီး မိမိတို့၏ ရွှေနိုင်ငံကို လက်ဝါးကြီးအုပ် ခြယ်လှယ်လိုကြသည့် ခေတ်သစ်နယ်ချဲ့အင်အားကြီးနိုင်ငံကြီးအချို့၏ ခြိမ်းခြောက်မှုအန္တရာယ်ရှိနေသည့် ယခုလိုအချိန်မျိုးတွင် မြန်မာအမျိုးသမီးများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ထားသည့် ရည်ရွယ်ချက်များနှင့်အညီ နိုးကြားတက်ကြွစွာ ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံ့အကျိုးကို ဆောင်၍ သမိုင်းဂုဏ်ရောင်ပြောင်ခဲ့ကြသည့် မျိုးချစ်မြန်မာအမျိုးသမီးကောင်းများအားလုံးကို ဂုဏ်ပြုကျင်းပသည့် ယနေ့ **“မြန်မာအမျိုးသမီးများနေ့”** အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ **“အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့”** ဆိုသည့် ဆောင်ပုဒ်ကို ဝိုင်းဝန်းအကောင်အထည်ဖော်သွားကြပါစို့ဟု အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပဲခူးတိုင်း ပဲခူးမြို့ အားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း အမျိုးသမီး ရေးရာ အဖွဲ့ဝင် ဒေါ်မိုးမိုးခိုင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း အမျိုးသမီး ရေးရာ အဖွဲ့ဝင် ဒေါ်ထူးမိမိဝင်း က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့-အဖွဲ့ဝင် ဒေါ်ခင်သူဇာသောင်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးလုပ်ငန်းတို့ကို ကဏ္ဍများ ပိုင်းခြားသတ်မှတ်ပြီး စနစ်တကျ လုပ်ဆောင်လျက်ရှိကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင် အမျိုးသမီးများအား အကြမ်းဖက်မှု၊ လူမှောင်ခိုမှု စသည်များမှာ တခြားနိုင်ငံများနှင့်နှိုင်းယှဉ်ကြည့်လျှင် အလွန်နည်းပါးပြီး အမျိုးသားရေး လက္ခဏာတစ်ရပ်အဖြစ် ပေါ်ပေါက်ခြင်းလည်း မရှိကြောင်း၊ အဓိကအကြောင်းရင်းမှာ မိမိတို့နိုင်ငံသည် ဘာသာတရားကိုင်းရှိုင်းပြီး ဘာသာတရား၏အဆုံးအမကို လိုက်နာခြင်း၊ မြန်မာ့ယဉ်ကျေးမှု၏ ကောင်းမြတ်သည့် အစဉ်အလာများကို ချစ်မြတ်နိုးစွာ ထိန်းသိမ်းလိုက်နာခြင်းတို့ကြောင့်ပင် ဖြစ်ကြောင်း၊ အနောက်နိုင်ငံများမှာကဲ့သို့ အရွယ်ရောက်သည်နှင့် သားသမီးများသည် မိဘအုပ်ထိန်းမှု ခံယူစရာမလို၊ ကိုယ့်ဝမ်းကိုယ်ကျောင်း၊ ကိုယ့်သဘောကိုယ်ဆောင် အထိန်းအကွပ်မဲ့နေထိုင်သည့် စရိုက်မျိုးမရှိဘဲ သေတပန်သက်တဆုံး ဘိုးဘွားမိဘ၊ ဦးကြီး၊ ဒေါ်ကြီးတို့၏ အုပ်ထိန်းမှုအောက်တွင် ဆုံးမသွန်သင်မှုကို လိုက်နာပြီးနေထိုင်ကြသည့်အတွက် မြန်မာအမျိုးသမီးများအနေဖြင့် အိမ်ထောင်စုအတွင်း အကြမ်းဖက်ခံရမှုဆိုသည်မှာ အင်မတန်မှနည်းပါးလှကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုမခံရအောင် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများအဖြစ် နယ်စပ်ဒေသများအထိ သွားရောက်ပြီး ပညာပေးဟောပြောမှုများ ပြုလုပ်ပေးခြင်း၊ သုတေသနစစ်တမ်းများ ကောက်ယူခြင်း၊ ပညာပေးဇာတ်လမ်းများ ထုတ်လွှင့်ပြသပေးခြင်း၊ လူမှောင်ခိုပွဲစားများအား ဖော်ထုတ်အရေးယူခြင်း၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများကို ကြိုဆိုရေးစခန်းများဖွင့်လှစ်ပြီး နွေးထွေးစွာကြိုဆိုခြင်း၊ အသက်မွေးဝမ်းကျောင်းပညာနှင့် အလုပ်အကိုင်များ စီစဉ်ပေးခြင်း၊ မိဘရပ်ထံစနစ်တကျ ပြန်လည်ပို့ဆောင်ပေးခြင်းတို့ကို လက်တွေ့ကျကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤလုပ်ရပ်များနှင့် ဆန့်ကျင်ဘက်လုပ်ရပ်တွေဖြစ်သည့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ၏ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်း လုပ်ရပ်များကို ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက လုပ်ဆောင်နေကြကြောင်း

ဘုရားဖူးပြည်သူများကို အကြောင်းမဲ့ ပစ်ခ
လုပ်ကိုင်စားသောက်နေသည့် တိုင်းရင်းသား
ဆက်ကြေးကောက်၊ ပြန်ပေးဆွဲ ညှဉ်းပန်
ဝင်ထွက်သွားလာသည့်နေရာများ၌ ဗုံးခွဲတိုက်
အဖျက်လုပ်ရပ်များကို ပြည်ပဆရာကြီးများ၏
များဖြင့် လက်ရဲဇက်ရဲ ကျူးလွန်နေကြကြော
မြန်မာလူမျိုးတို့၏ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့
နှောင့်ယှက်ဖျက်ဆီးနေသည့် သံခဲဦးစီးသ
မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေဦးစီးသည့်
သမားအဖွဲ့များကို မတရားအသင်းအဖြစ် ကြေ
မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် အ
ကိုယ်စား တင်ပြလိုက်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိ
မိမိနိုင်ငံ၏အရေးကို မိမိတို့ ကိုယ်တိုင်မြော်
အနာဂတ်ကို ဖန်တီးဖော်ဆောင်နေသည့် အ
ဤအချိန်၌ မြန်မာနိုင်ငံတွင် မုဒိမ်းမှုများ
လူ့အခွင့်အရေး ချိုးဖောက်နေသယောင်၊ လူ
ကလေးသူငယ်များ စစ်မှုထမ်းခိုင်းနေသယော
အချိန်ဆွဲနေသယောင်၊ စွပ်စွဲနေကြခြင်းသည် မှ
ပုတ်ခတ်ပြောဆိုနေကြခြင်းသာဖြစ်ကြောင်း၊ ဤ
မှန်လည်းမမှန်သော နိုင်ငံနှင့်လူမျိုးအတွက်
တစ်ဖက်သတ် လုပ်ကြံပြောဆိုမှုမျိုးကို မိမိ
လုံးဝလက်မခံကြောင်း ပြောကြားလိုက်ပါ

ကလေးသူငယ်များ၏ အခွင့်အရေးကို အ
နိုင်ငံသည် ကလေးသူငယ်များ၏အခွင့်အရေး
ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်
ရှိသည့်အပြင် မိမိလူမျိုး၏ ပင်ကိုဗီဇနှင့် စေတန
အဓမ္မခိုင်းစေမှုများကို ရှောင်ကြဉ်လျက်ရှိကြောင်
ကလေးသူငယ်ဥပဒေနှင့် ၂၀၀၁ခုနှစ်တွင် ပြဋ္ဌ
ဥပဒေများအရ ကလေးသူငယ်များ၏ အခွ
ကာကွယ်စောင့်ရှောက်ပေးလျက်ရှိနေကြောင်

မြန်မာအမျိုးသမီးများသည် အမျိုးသား
အရေးမျှမျှတတ ရရှိခံစားကြရသည်သာမက မိ
မိမိနိုင်ငံ၊ မိမိလူမျိုး ကြီးပွားတိုးတက်ရေးအတွ
တန်းပြီး ပါဝင်ဆောင်ရွက်ခွင့် ရရှိနေသည်ကို

မိမိတို့ မြန်မာနိုင်ငံသည် ချမှတ်ထားသ
များကို လေးစားစွာလိုက်နာသည့် နိုင်ငံဖြစ်ကြေ
ဥပဒေအရ အရေးယူလျက်ရှိကြောင်း၊ မည်သ

☆ မြန်မာနိုင်ငံ
စသည်များမှာ တခြ
ပြီး အမျိုးသားရေး
☆ ၁၉၉၃ခုနှစ်
၂၀၀၁ခုနှစ်တွင် ပြဋ္ဌ
ကလေးသူငယ်များ
စောင့်ရှောက်ပေးလ

မလိုမုန်းထား၍ အရေးယူခြင်းကို ဘယ်သောအခါကမှ မပြုလုပ်ခဲ့ကြောင်း၊ မည်သူမျှ ဥပဒေအထက်တွင်မရှိ၊ လူပုဂ္ဂိုလ်တိုင်း ဥပဒေအရာတွင် တစ်ပြေးညီဖြစ်သည်ဆိုသည့် သဘောထားကို အမြဲစွဲကိုင် ကျင့်သုံးနေသည့် နိုင်ငံဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ကဏ္ဍကို ကာကွယ်မြှင့်တင်လျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအမျိုးသမီးများ၏ အခွင့်အရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကို ကာကွယ်မြှင့်တင်ရင်း အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ပေးနေကြောင်း၊ တစ်ချိန်တည်းမှာပင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး၊ အမျိုးသမီးများနှင့် ကလေး

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပဲခူးတိုင်း ပဲခူးမြို့ အားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ သဘာပတိ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထို့ကြောင့် ဇူလိုင်လ ၃ရက် ယနေ့တွင်ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းမှ မြန်မာအမျိုးသမီးများက နိုင်ငံတော်အစိုးရ၏ ဒေသအားလုံး၊ ကဏ္ဍအားလုံး ဖွံ့ဖြိုးအောင် တည်ဆောက်မှုတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အတူ ပါဝင်လက်တွဲဆောင်ရွက်သွားမည်။

မြန်မာအမျိုးသမီးတို့၏ သမိုင်းအစဉ်အလာကြီးမားသော အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းမှု၊ ဂုဏ်ကြီးမားမှုတို့ကို အစဉ်တစိုက် ဂုဏ်ယူထိန်းသိမ်းပြီး မြန်မာအမျိုးသမီးတို့၏ လူနေမှုဘဝကို အစဉ်အမြဲ ကာကွယ်မြှင့်တင်နေမည်။

အမျိုးသားအကျိုးစီးပွားကို လုံးဝလျစ်လျူရှုပြီး လူတစ်စု၊ လူတစ်ဖွဲ့၊ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားကိုသာ ကိုယ်စားပြုနေသော ပြည်ပဖိအားပေးမှု၊ လှုပ်ရှားမှုမှန်သမျှကို ရှုတ်ချသည်။

အင်အားကြီးနိုင်ငံအချို့နှင့် အဆိုးမြင်ဝါဒီအချို့အား မြန်မာနိုင်ငံ၏ အဖြစ်မှန်အခြေအနေနှင့် ပကတိအခြေအနေ

ထို့နောက် ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့-အဖွဲ့ဝင် ဒေါ်ပပဝင်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားကို ပြောကြားရာတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံ၊ ကဏ္ဍစုံ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးထုအင်အားသည် စုစုပေါင်းလူဦးရေ၏ ၅၀ဒသမ ၃ရာခိုင်နှုန်းရှိရာ ၂၇သန်းသော အင်အားသည် မြန်မာအမျိုးသမီးများဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ထွန်းအောင် ကြိုးပမ်းတည်ဆောက်ရာတွင် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ပီပီပြင်ပြင် ပေါ်ပေါက်စေရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာအမျိုးသမီးများအား ထိုက်တန်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

...ချို့အား မြန်မာနိုင်ငံ၏ အဖြစ်မှန်နှင့် ပကတိအခြေအနေတို့ကို သိမြင်ပြီး ...င့်ရှုမြင်ရန်၊ အမျိုးသားစည်းလုံးမှုကို ပြိုကွဲအောင်မလုပ်ရန် တိုက်တွန်း

သဘာပတိအဖွဲ့

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပဲခူးတိုင်း ပဲခူးမြို့ အားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။

(သတင်းစဉ်)

ဘုရားဖူးပြည်သူများကို အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေသည့် တိုင်းရင်းသားပြည်သူများအား အဓမ္မလူသစ်စု၊ ဆက်ကြေးကောက်၊ ပြန်ပေးဆွဲ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အများပြည်သူ ဝင်ထွက်သွားလာသည့်နေရာများ၌ ဗုံးခွဲတိုက်ခိုက်ခြင်း စသည့် အကြမ်းဖက် အဖျက်လုပ်ရပ်များကို ပြည်ပဆရာကြီးများ၏ အားပေးအားမြှောက် ထောက်ပံ့မှုများဖြင့် လက်ရဲဇက်ရဲ ကျူးလွန်နေကြကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အကြမ်းဖက်နှောင့်ယှက်ဖျက်ဆီးနေသည့် သံခဲဦးစီးသည့် ABSDF၊ ပြည်ပြေး မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေဦးစီးသည့် FTUB အကြမ်းဖက် အဖျက်သမားအဖွဲ့များကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် အမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ကိုယ်စား တင်ပြလိုက်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မိမိနိုင်ငံ၏အရေးကို မိမိတို့ ကိုယ်တိုင်မြော်တွေးပြီး အေးချမ်းသာယာသည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နေသည့် အချိန်အခါသမယ ဖြစ်ကြောင်း၊ ဤအချိန်၌ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးများ ထုတ်လုပ်နေသယောင်၊ လူ့အခွင့်အရေး ချိုးဖောက်နေသယောင်၊ လူကုန်ကူးမှုများ ရှိနေသယောင်၊ ကလေးသူငယ်များ စစ်မှုထမ်းခိုင်းနေသယောင်၊ အမျိုးသားညီလာခံကြီးကို အချိန်ဆွဲနေသယောင်၊ စွပ်စွဲနေကြခြင်းသည် မှန်ကန်မှုမရှိဘဲ တစ်ဖက်စောင်းနင်း ပုတ်ခတ်ပြောဆိုနေကြခြင်းသာဖြစ်ကြောင်း၊ ဤသို့သော ဟုတ်လည်းမဟုတ်၊ မှန်လည်းမမှန်သော နိုင်ငံနှင့်လူမျိုးအတွက် အပြုသဘောမဆောင်သော တစ်ဖက်သတ် လုပ်ကြံပြောဆိုမှုမျိုးကို မိမိတို့ အမျိုးသမီးရေးရာအဖွဲ့က လုံးဝလက်မခံကြောင်း ပြောကြားလိုက်ပါကြောင်း။

ကလေးသူငယ်များ၏ အခွင့်အရေးကို အစဉ်ကာကွယ်ပေးနေတဲ့ မြန်မာနိုင်ငံသည် ကလေးသူငယ်များ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည့်အပြင် မိမိလူမျိုး၏ ပင်ကိုဗီဇနှင့် စေတနာ စိတ်နေစိတ်ထားတို့အရလည်း အဓမ္မခိုင်းစေမှုများကို ရှောင်ကြဉ်လျက်ရှိကြောင်း၊ ၁၉၉၃ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကလေးသူငယ်ဥပဒေနှင့် ၂၀၀၁ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကလေးသူငယ်နည်းဥပဒေများအရ ကလေးသူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိနေကြောင်း။

မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေး မျှမျှတတ ရရှိခံစားကြရသည်သာမက မိမိတို့မိသားစု၊ မိမိလူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး ကြီးပွားတိုးတက်ရေးအတွက် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး ပါဝင်ဆောင်ရွက်ခွင့် ရရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း ဥပဒေများကို လေးစားစွာလိုက်နာသည့် နိုင်ငံဖြစ်ကြောင်း၊ ဥပဒေချိုးဖောက်သူများကို ဥပဒေအရ အရေးယူလျက်ရှိကြောင်း၊ မည်သည့်လူပုဂ္ဂိုလ်အဖွဲ့အစည်းကိုမျှ

သူငယ်များအား လူကုန်ကူးမှု ပပျောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးဘဝ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျသည့် လုပ်ငန်းများဖြင့် ဦးစားပေးဆောင်ရွက်နေသည့်အချိန်အခါ၌ မိမိတို့ မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံတချို့၏ စီးပွားရေးပိတ်ဆို့ ဖိအားပေးမှု၊ ပြည်ပအကူအညီ ကန့်သတ်ပိတ်ဆို့မှု၊ ငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံတကာ ချေးငွေပိတ်ဆို့မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိတ်ဆို့တားဆီးမှု ရရှိပြီး ရင်းနှီးမြှုပ်နှံမှုများကို ပြည်ပမှ ကန့်သတ်ပိတ်ဆို့မှု စသည့် အဟန့်အတား အနှောင့်အယှက်များနှင့် ကြုံတွေ့နေရကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ စီးပွားရေးကျဆင်းအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖိအားပေးခြင်း၏ ဆိုးကျိုးသည် မြန်မာအမျိုးသမီးထုကြီးအတွင်းသို့ သက်ရောက်ခဲ့ကြောင်း၊ ပြည်ပဖိအားပေးပိတ်ဆို့မှုများသည် ပြည်ပြေးများ၊ အဆိုးမြင်အဖွဲ့အစည်းများ၏ လုပ်ကြံဖန်တီးထားသည့် သတင်းမှားများအပေါ် အခြေခံထားပြီး တိုင်းရင်းသားပြည်သူအားလုံး၏ ဘဝရှေ့ရေးကိုပစ်ပယ်ကာ လူတစ်စု၊ လူတစ်ဖွဲ့၏ အကျိုးစီးပွားကို အခြေပြုလုပ်ဆောင်နေခြင်းသာဖြစ်သည်ကို မြန်မာအမျိုးသမီးများအားလုံးက နားလည်သိရှိထားကြကြောင်း။

ယနေ့နိုင်ငံတော်အစိုးရသည် ပြည်ပဖိအားပေးမှု၊ ပိတ်ဆို့မှုများကြားမှပင် နိုင်ငံတော်နှင့် နိုင်ငံသားများ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လက်တွေ့ကျသည့် စီမံကိန်းများကို ချမှတ်ပြီး အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိနေကြောင်း၊ နိုင်ငံတော်၏ မွန်မြတ်သည့်စေတနာနှင့် မှန်ကန်သော လုပ်ဆောင်ချက်များကြောင့် မြန်မာနိုင်ငံ တစ်နံတစ်လျား၌ အခြေခံကျကျ ပြောင်းလဲတိုးတက်လာမှုများကို မိမိတို့ အတူတကွ ရရှိခံစားနေကြရပြီဖြစ်ကြောင်း။

ပဲခူးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ် ခင် သူဇာသောင်း မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။

(သတင်းစဉ်)

တို့ကိုသိမြင်ပြီး အပြုသဘောဖြင့် ချဉ်းကပ်ရန်၊ ရိုးသားမှုဖြင့် ရှုမြင်ရန် အမျိုးသားစည်းလုံးမှုကို ပြိုကွဲအောင်မလုပ်ရန် တိုက်တွန်းသည်။

မြန်မာ့သမိုင်းတွင် ခါးသီးစွာ ခံစားခဲ့ရပြီးဖြစ်သည့် ပြည်ပသြဇာခံဘဝနှင့် ကိုလိုနီအပြုခံရမှုမှ ကင်းဝေးအောင် ကြိုးပမ်းအားထုတ်နေမည်။

မည်သည့်အခြေအနေမျိုးကိုရင်ဆိုင်ရစေကာမူ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား၊ မြန်မာအမျိုးသမီးထုကြီး၏ အကျိုးစီးပွားကို နိုင်ငံအတွင်းရှိ လူမှုရေးအသင်းအဖွဲ့ပေါင်းစုံနှင့်အတူ လက်တွဲပူးပေါင်း၍ စည်းလုံးညီညွတ်သောအင်အားဖြင့် ကာကွယ်တည်ဆောက်သွားမည်ဟူ၍ အဓိဋ္ဌာန်ပြုအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

မိမိတို့ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် တိုင်းအဆင့်တစ်ဖွဲ့၊ ခရိုင်အဆင့် နှစ်ဖွဲ့၊ မြို့နယ်အဆင့် ၁၄ ဖွဲ့နှင့် ကျေးရွာအဆင့် ၈၃၆ဖွဲ့အထိ ဖွဲ့စည်းထားရှိပြီး အဖွဲ့ဝင်အင်အား ၈၄၇၆၄ဦးဖြင့် တိုင်းအတွင်း အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် နိုင်ငံသားတို့၏ အရေးကိစ္စမှန်သမျှကို မိမိတို့ အရေးသဖွယ် ခံယူထားရာ သဘာဝဘေးအန္တရာယ်ကြောင့် လေပြင်းဒဏ်သင့်၍ ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများထံ သွားရောက်ပြီး အလှူငွေများ၊ အဝတ်အထည်များ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❐

★ မြန်မာနိုင်ငံတွင် အမျိုးသမီးများအား အကြမ်းဖက်မှု၊ လူမှောင်ခိုမှု စသည်များမှာ တခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် အလွန်နည်းပါးပြီး အမျိုးသားရေး လက္ခဏာတစ်ရပ်အဖြစ် ပေါ်ပေါက်ခြင်းလည်းမရှိ၊

★ ၁၉၉၃ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကလေးသူငယ် ဥပဒေနှင့် ၂၀၀၁ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကလေးသူငယ် နည်းဥပဒေများအရ ကလေးသူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိနေ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ ကျောက်ကြီးပေါက်တံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား (အပိုင်း-၁၉)**
၁၂:၂၀ ၅။ **မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) (အပိုင်း-၃)**
၁၂:၄၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ရှိတော့ရှိတယ်ရှားတယ်" (သားညီ၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ခင်စောမျိုး)**
၂:၃၀ ၇။ ကျေးပင်အက်ရေလှောင်တမံ
၂:၄၅ ၈။ International News.
၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၆။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၇။ တေးဂီတအစီအစဉ်
၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၉။ ညနေခင်းသတင်း
၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ (အပိုင်း-၃၈)**
၇:၃၅ ၁၂။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၇:၄၅ ၁၃။ **(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ပိုက်ကျော်ခြင်း)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၅၇)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

အင်အားကြီးနိုင်ငံအချို့ မြန်မာ့ပြည်တွင်းရေးကို ပြောင်ကျကျ စွက်ဖက်ခြင်းသည် ပြည်ပအားကိုး ပုဆိန်ရိုးများ၏ သူခိုးဓားရိုးကမ်းသည့် လုပ်ရပ်ကြောင့်ဖြစ်

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပဲခူးတိုင်း ပဲခူးမြို့ အားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

ပဲခူး တိုင်း အမျိုး သမီး ရေးရာ အဖွဲ့ဝင် ဒေါ် ပ ပ ဝင်း မြန်မာ အမျိုး သမီး များ နေ့ ဂုဏ်ပြု စကား ပြောကြား စဉ်။

(သတင်းစဉ်)

❐ စာမျက်နှာ ၉ မှ

စာအုပ်နှင့် စာရေးကိရိယာများ၊ ဆေးဝါးများ လှူဒါန်းခဲ့သည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ရှိနိုင်ကြောင်း၊ အကြမ်းဖက်အဖျက်သမားများ၏ လက်ချက်ကြောင့် ရန်ကုန်မြို့တွင် ဗုံးပေါက်ကွဲခဲ့၍ ဒဏ်ရာရရှိခဲ့သူ လူနာများထံသို့လည်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများကိုယ်တိုင် သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ၊ ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ပြည်သူများ အသိပညာမြင့်မားရေးနှင့် ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေးတို့ကိုလည်း အဆင့်မြှင့်တင် စောင့်ရှောက်ပေးလျက်ရှိရာ ပြည်နယ်တိုင်း နယ်စပ်ဒေသများအထိကွင်းဆင်းပြီး ဒေသခံသွေးချင်းသားချင်းတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အမျိုးသမီးများ၏ဘဝ လုံခြုံရေးကို အဟန့်အတားဖြစ်စေသည့် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးနေကြောင်း၊ ထို့အပြင် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ၊ အမျိုးသမီးငယ်ရွယ်လေးများနှင့်လည်း အနီးကပ်တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ၂၀၀၃ခုနှစ် မေလ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေး အမျိုးသားအဆင့်ဆွေးနွေးပွဲ (National Seminar on Trafficking in Person) နှင့် အောက်တိုဘာ၌ အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး National Seminar on Woman Sport အစရှိသည်တို့ကိုလည်း ကျင်းပပေးနိုင်ခဲ့ကြောင်း။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအပေါ် ထားရှိသည့် နိုင်ငံတော်၏ စေတနာအမှန်နှင့် ပြည်တွင်းမူဝါဒများ၊ နိုင်ငံခြားရေးမူဝါဒများ၊ ချစ်ကြည်ရင်းနှီးမှု သဘောထားများ ပြောင်းလဲမှုမရှိဘဲ ပိုမိုဖြည့်ဆည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းကာလ၌ အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံအပေါ် ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ ပိတ်ဆို့မှုများဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် အထီးကျန်ဖြစ်အောင်၊ စီးပွားရေးအရ ချည့်နဲ့လာအောင် တစ်ဖက်စောင်းနင်းလုပ်နေသကဲ့သို့ လူ့အခွင့်အရေး၊ တိုင်းရင်းသားလူမျိုးများအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ဒီမိုကရေစီရေးတို့ကို ရောမွှေပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ တစ်ခုပြီးတစ်ခု ပြုလုပ်နေကြောင်း၊ ဤသည်မှာ တစ်ဖက်သတ်စွပ်စွဲချက်နှင့် လိုတစ်မျိုး မလိုတစ်မျိုး လုပ်ရပ်များသာဖြစ်ပြီး လက်တစ်ဆုတ်စာလူတစ်စု၏ အကျိုးစီးပွားအတွက် သက်သက်သာဖြစ်သည်မှာ သိသာထင်ရှားလှပါကြောင်း၊ ယင်းသို့ မှုမမှန်သော ဖောက်လွဲဖောက်ပြန် ခလောက်ဆန်သည့် ပြည်တွင်း၊ပြည်ပ အဖျက်သမားများ၏လုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း မြန်မာအမျိုးသမီးများကိုယ်စား ပြောကြားလိုက်ပါကြောင်း။

မိမိတို့ မြန်မာအမျိုးသမီးများသည် မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့်စွမ်းရည်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အလံတော်အောက်၌ အမျိုးသားရေးစွမ်းအားစုကြီးတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ စုစုစည်းစည်း ရပ်တည်မြှင့်တင်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ နိုင်ငံတော်မူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်(၁၂)ရပ်နှင့် ပြည်သူ့သဘောထား(၄)ရပ် အောင်မြင်အောင် ဖော်ဆောင်ရေးတွင်လည်းကောင်း စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားကြမည်သာဖြစ်ကြောင်း။

အလားတူ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရေးတွင် မိမိတို့ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က မြန်မာအမျိုးသမီးများ၏ ထူးခြားမွန်မြတ်သော အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့-အဖွဲ့ဝင် ဒေါ်ခင်မာလာမောင်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မိမိတို့ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ပါဝင်ပူးပေါင်း တည်ဆောက်ရာတွင် မိမိတို့ မြန်မာအမျိုးသမီးများသည် ခံယူချက်၊ ယုံကြည်ချက်ရှိရှိဖြင့် အရည်အချင်း အရည်အသွေးပြည့်ဝနေရန် လိုအပ်ကြောင်း၊ မြန်မာအမျိုးသမီးများဟုဆိုရာတွင် မိမိတို့နှင့်အတူ တစ်မြေတည်းနေ တစ်ရေတည်းသောက်လျက် အေးအတူပူအမျှ အတူတကွ မျှဝေခံစားနေကြသည့် မိမိတို့၏ သွေးရင်းသားရင်းတွေဖြစ်သည့် တိုင်းရင်းသူ ညီအစ်မများအားလုံး ပါဝင်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်

ပဲခူး တိုင်း အမျိုး သမီး ရေးရာ အဖွဲ့ဝင် ဒေါ်ခင်မာလာ မောင် မြန်မာ အမျိုးသမီးများ နေ့ ဂုဏ်ပြု စကားပြောကြား စဉ်။

(သတင်းစဉ်)

ရာတွင် တိုင်းရင်းသားများအရေးကို အလေးထားအားပေးပြီး တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ကို ထည့်သွင်းဖွဲ့စည်း ဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် တိုင်းရင်းသားများ၏ နယ်မြေဒေသဖွံ့ဖြိုးရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားမှုရှိရေး၊ တိုင်းရင်းသားအသီးသီး၏ ဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှုများ ရှင်သန်ပြန့်ပွားရေး၊ တိုင်းရင်းသားအားလုံး၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးတည်ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန်များကို ဖော်ဆောင်ပေးလျက်ရှိကြောင်း။

မျက်မှောက်ခေတ်တွင် မြန်မာတိုင်းရင်းသူ အမျိုးသမီးအသိပညာရှင်၊ အတတ်ပညာရှင်များသည် နိုင်ငံ့တာဝန်ကို ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးဆရာဝန်များအဖွဲ့၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စသော အသင်းအဖွဲ့များတွင် မြန်မာတိုင်းရင်းသူ အမျိုးသမီးများ နီးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေကြသည်ကို အထင်အရှား တွေ့ရှိနိုင်ကြောင်း။

မိမိတို့နိုင်ငံတွင် အမျိုးသမီးရေးရာအဖွဲ့များကို ဗဟိုအဆင့်မှ ပြည်နယ်၊ တိုင်း၊ ခရိုင်၊မြို့နယ်၊ ကျေးရွာအုပ်စုအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းပြီး ချမှတ်ထားသည့် ရည်ရွယ်ချက်များနှင့်အညီ ပြည်ထောင်စုကြီးတစ်ခုလုံးကို လွှမ်းခြုံပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤသို့ မိမိတို့၏နိုင်ငံ ရေ၊ မြေ၊ သဘာဝ၊ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းများနှင့် ကိုက်ညီသည့် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ပြီး နိုင်ငံတော်အစိုးရက တစိုက်မတ်မတ် ဦးဆောင်ကြိုးပမ်းမှုကြောင့် ပြည်ထောင်စုကြီးအတွင်း နယ်စပ်ဒေသ၊ ဖွံ့ဖြိုးရေးဒေသ၊ မြို့ပြဒေသ၊ ကျေးလက်ဒေသများအားလုံး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် ဆောင်ရွက်နေသည်ကို မနာလိုစိတ်ဖြစ်နေသော အနောက်အင်အားကြီးနိုင်ငံအချို့နှင့် ILOက ဖိအားပေးပိတ်ဆို့မှုများ လုပ်ဆောင်လာသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ ၎င်းတို့၏ ဖိအားပေးပိတ်ဆို့မှုများကြောင့် စက်ရုံ၊အလုပ်ရုံအလုပ်သမားများအပါအဝင် ပြည်သူလူထုကို ထိခိုက်နစ်နာစေခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ILOနှင့် ပူးပေါင်းဆောင်ရွက်ပြီး အဓမ္မစေခိုင်းမှုများ ပပျောက်စေရေးအတွက် စိတ်ကောင်းစေတနာအမှန်ဖြင့် လုပ်ဆောင်အကောင်အထည်ဖော်ပေးနေကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုခြင်းအလျှင်းမရှိဘဲ မျက်စိစုံမှိတ်ပြီး အဆိုးမြင်ဝါဒဖြင့် ဆက်လက်ဖိအားပေးနေသည့် ILO ၏ အဖွဲ့ဝင်အဖြစ်မှ မြန်မာနိုင်ငံ နုတ်ထွက်သင့်ပါကြောင်း မြန်မာအမျိုးသမီးထုကြီး၏ကိုယ်စား နိုင်ငံတော်အား ပန်ကြားအပ်ပါကြောင်း။

အနောက်အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဗိုလ်ကျစိုးမိုးရေးဝါဒဖြင့် ပြောင်ကျကျ ဝင်ရောက်စွက်ဖက်လာခြင်းသည် ပြည်ပအားကိုး ပုဆိန်ရိုးများ၏ သူခိုးဓားရိုးကမ်းသည့် လုပ်ရပ်ကြောင့်ဖြစ်ကြောင်း၊ ယင်းပုဆိန်ရိုးများထဲမှ အဆိုးရွားဆုံးပုဆိန်ရိုး ဘယ်သူလဲဆိုတာ လေ့လာကြည့်လျှင် သိနိုင်ပါကြောင်း၊ မိမိတစ်ဦးတည်း၏ကိုယ်ကျိုးနှင့် အခွင့်အာဏာရရှိရေးအတွက် တိုင်းပြည်နှင့်လူမျိုး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

မြန်မာနိုင်ငံအနေဖြင့် ILO နှင့် ပူးပေါင်းဆောင်ရွက်ပြီး အဓမ္မစေခိုင်းမှုများ ပပျောက်စေရေးအတွက် စိတ်ကောင်းစေတနာအမှန်ဖြင့် လုပ်ဆောင်အကောင်အထည်ဖော်ပေးနေကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုခြင်း အလျှင်းမရှိဘဲ မျက်စိစုံမှိတ်ပြီး အဆိုးမြင်ဝါဒဖြင့် ဆက်လက် ဖိအားပေးနေသည့် ILO ၏ အဖွဲ့ဝင်အဖြစ်မှ မြန်မာနိုင်ငံ နုတ်ထွက်သင့်။

မင်းဘူးအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၉

မင်းဘူးအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာမွော်ရုံတွင်ကျင်းပမည်ဖြစ်ရာ အသင်းသားမိသားစုများကြွရောက်လှူဒါန်းကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ယူနီဆက်ဖ်ဌာနေ ကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၉

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား UNICEFဌာနေကိုယ်စားလှယ် Ms. Carroll C. Long နှင့် ဒုတိယဌာနေကိုယ်စားလှယ် Ms. Elke Wischတို့သည် ယမန်နေ့ ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက် ဂါရဝပြု တွေ့ဆုံသည်။

(ယာပုံ)

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်နှင့်ပြည်ထဲရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးကျော်စန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ထူးချွန်အမျိုးသမီးတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

▲ စာမျက်နှာ ၁၀ မှ

ပျက်စီးရာပျက်စီးကြောင်း လုပ်နေသူဖြစ်ကြောင်း၊ လုပ်ရပ်အချို့ကို သာဓကထုတ်ကြည့်လျှင် ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး၊ တရားဥပဒေချိုးဖောက်ရေး၊ မင်းမဲ့စရိုက် ထပ်မံပေါ်ပေါက်ရေး၊ နိုင်ငံနှင့်လူမျိုးအလုံးစုံပျက်သုဉ်းရေး စသည်များကို လုပ်ဆောင်ခဲ့ကြောင်း တွေ့မြင်ကြရမှာဖြစ်ကြောင်း။

ပြန်လည်ဆန်းစစ်ကြည့်လျှင် ယင်းပုဆိန်ရိုးအား ပြည်ပမှချီးပင့်ခဲ့သည့် ဘွဲ့ထူးဂုဏ်ထူးများသည် သူနှင့်သူ့မိသားစုအတွက်ပင်ဖြစ်သည်ဆိုတာ လေ့လာထားသူများအသိပင်ဖြစ်ကြောင်း၊ အင်အားကြီးနိုင်ငံ တစ်နိုင်ငံနှင့် အပေါင်းအပါများက အင်အားငယ်သည့်နိုင်ငံတစ်နိုင်ငံကို ကျူးကျော်စစ်ပွဲဝင်ရောက် ဆင်နွှဲပြီး ခြယ်လှယ်ကြီးစိုးမှုကြောင့် ထိုနိုင်ငံမှ အဆောက်အအုံ၊ လမ်း၊ တံတား၊ဆေးရုံ၊ စက်ရုံစသည်များ မည်မျှအထိ ဆုံးရှုံးပျက်စီးခဲ့သည်။ ထိုနိုင်ငံမှ ပြည်သူများ သေကျေထိခိုက်ဒဏ်ရာရပြီး မြင်မကောင်းရှုမကောင်းအောင် လောကငရဲသဖွယ် အတိဒုက္ခကျရောက်ကြရသည်ဆိုသည်ကို မိမိတို့ နေ့စဉ်နှင့်အမျှ စိတ်မချမ်းမြေ့ဖွယ်ရာ လေ့လာဖတ်ရှုတွေ့မြင်နေရကြောင်း။

မိမိတို့မြန်မာအမျိုးသမီးများသည် ဘာသာတရား၏အဆုံးအမနှင့် ယဉ်ကျေးမှုသဘာဝအရ နူးညံ့သိမ်မွေ့ကြကြောင်း၊ ကိုယ့်နိုင်ငံ၊ကိုယ့်လူမျိုး ကိုယ့်ရေမြေသဘာဝနှင့်အညီ ကိုယ့်လူ့ဘောင် အသိုက်အဝန်းအတွင်း အေးအေးချမ်းချမ်းနေလိုကြပါကြောင်း၊ သူတစ်ပါးကို ဘယ်တော့မှ ကိုယ်ကစပြီး ကျူးကျော်ရန်စလေ့မရှိကြကြောင်း၊ သို့သော် ကိုယ့်နိုင်ငံ၊ကိုယ့်လူမျိုးကို ထိပါးစော်ကားလာလျှင်တော့ ပုခက်လွှဲသောလက်များဖြင့် ရရာလက်နက်စွဲကိုင်ပြီး ဆန့်ကျင်တွန်းလှန်မည့်သတ္တိအပြည့်ရှိကြကြောင်း၊ မိမိတို့တစ်တွေသည် တိုင်းတစ်ပါး၏ကြိုးဆွဲရာကမည့် ရုပ်သေးရုပ်တွေမဟုတ်ကြကြောင်း၊ ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ပိုင်အစွမ်းအစဖြင့် ကိုယ့်ခြေထောက်ပေါ်ကိုယ် မားမားမတ်မတ် ရပ်နိုင်ကြသူများဖြစ်ကြောင်း။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံး၌ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ထက်မြက်ရှင်သန်သည့် မြန်မာ အမျိုးသမီးများရှိနေသကဲ့သို့ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်စေမည့် မိမိအစွမ်းအစကို အလွဲသုံးစားလုပ်ကာ တလွဲဆံပင်ကောင်းနေသော အမျိုးသမီးအချို့လည်း ရှိနေသည်ကို သတိထားကြရ မှာဖြစ်ကြောင်း။

ယနေ့မြန်မာအမျိုးသမီးထုကြီးသည် ခေတ်အဆက်ဆက်၌ ဆန့်ကျင်တွန်းလှန်ခဲ့သော သူ့ကျွန်မခံ မြန်မာအမျိုးသမီးများ၏ ဇာတိမာန်အမွေကို နိုးကြားတက်ကြွစွာ လက်ဆင့်ကမ်းရယူ ထားကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအား နယ်ချဲ့၏သြဇာခံ နိုင်ငံ၊ အခြွေအရံနိုင်ငံဘဝ ရောက်အောင် ပရိယာယ်ဖြင့် မြှူဆွယ်သိမ်းသွင်းနေကြသည့် သစ္စာဖောက်များကို မြန်မာအမျိုးသမီးထုကြီးက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ပြင်းပြင်းထန်ထန်ဆန့်ကျင်ရှုတ်ချလိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ထူးချွန်ဆုရရှိကြသော ပဲခူးတိုင်းအတွင်းရှိ ထူးချွန်အမျိုးသမီးများအား လည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြကာ မြန်မာအမျိုးသမီးနေ့အခမ်းအနား နံနက် ၁၀နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးသည်။ (သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲနှိုးဆော်

ရန်ကုန် ဇူလိုင် ၉

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၅ ခုနှစ်အတွက် (၁၆) ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

ယခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်(၄)ရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်မှာ ပြိုင်ပွဲဝင်ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀ မှ ၈၀၀၀ အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးသည် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင် ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀ အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ "ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ" ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး၊ အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ၂၀၀၅ခုနှစ် စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ ပေးပို့ရမည် ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝင်လိုသူများသည် တွဲဖက်အတွင်းရေးမှူး၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၅ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၉

တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက်၊ ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသာသန (သာသနဓဇ ဓမ္မာစရိယ)က ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ စရိတ်ငြိမ်းဝင်ရောက်နိုင်ကြောင်းနှင့် ဇူလိုင် ၁၃ရက် ညနေ ၆ နာရီအရောက် လာရောက်ရန် နှိုးဆော်ထားသည်။ (က-ပ)

သုံးမြို့နယ်စုပေါင်းဝါဆိုပွဲ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန် အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့နှင့် ကျောက်တံတား၊ပန်းဘဲတန်း၊ လသာ သုံးမြို့နယ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင် ၂၀ရက်(ဝါဆိုလပြည့်နေ့) မွန်းလွဲ ၁နာရီတွင် မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ အပါအဝင် ပင့်သံဃာ ၂၁ပါးနှင့် စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ အမှူးပြုသည့် သံဃာတော်အပါး ၁၁၀တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လှူဒါန်းကြရန် နှိုးဆော်ထားသည်။ (၂၃)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဆေးပဒေသာပင်နှင့် သွေးလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်က သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်း အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နန်းဆွေရင်က ဆေးပဒေသာပင် ကျပ် ၁၂၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ကြီး လက်ခံယူစဉ်။ (အမျိုးသမီးရေးရာ)

စပါးကရွှေ ငါးကငွေ
လယ်ယာသားငါး ပြည့်စီးပွား

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ပုံမှန်အသက်ထက်ကျော်လွန်ပြီး အခြေခံပညာမူလတန်းအဆင့်သို့ ဝင်ရောက်လာသည့်ကလေးများအား အထူးသင်ကြားခြင်း
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	Sunday Talk
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	ကင်ဆာရောဂါသတိပြုစရာ
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၅	On The Ball
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့်ရတနာဈေး
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅	ဗီစီဒီလိုင်းခတ်သံ (ငယ်ငယ်တုန်းကထက်ပိုချစ်တဲ့ချစ်လူမိုက်)
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	အဆင့်မီရော်ဘာဖူးဆက်ပျိုးပင်ရရှိရေး
၁၀း၃၅	အခြေခံပန်းချီပညာမိတ်ဆက် အပိုင်း(၂)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၉

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ဒသမအကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အဆိုပါဘဏ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း အသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘဏ်အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိမ်းအောင်က မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့၏ ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းအစီအရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေး စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ကိုရယူသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ကြပြီး ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် ဒါရိုက်တာ အဖွဲ့ဝင်သစ်များကို ရွေးချယ်တင်မြှောက်ကာ ၎င်းတို့၏ အမည်စာရင်းကို ကြေညာသည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ခုနှစ်အတွက် စာရင်းစစ်အဖွဲ့ကို ရွေးချယ်တာဝန်ပေးအပ်သည်။

ထို့နောက် သဘာပတိ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် အစုရှယ်ယာများအပေါ် အမြတ်ငွေများကို ဇူလိုင် ၁၁ရက်မှ စတင်၍ အဆိုပါဘဏ်၌ ထုတ်ပေးမည်ဖြစ်သည်။

(သတင်းစဉ်)

ရေးမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၉

ရေးမြို့နယ်အသင်း (ရန်ကုန်) စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို သာကေတ (၇)အနောက်ရပ်ကွက် အာဒိကာရုံကျောင်းဝိုင်း ဇိနမာန်အောင်စေတီ မြောက်ဘက်ရှိ ကမ္ဘာ့သာသနာ ဗိမာန်ကျောင်း၌ ဇူလိုင် ၂၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်မိသားစုများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြရန်နှင့် အလှူငွေများနှင့် ပစ္စည်းများကို ဥက္ကဋ္ဌ ဦးဝါရှိန် ဖုန်း-၂၅၀၃၃၂၊ အတွင်းရေးမှူး ဦးဖေအောင် ဖုန်း-၅၇၀၀၆၂၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းတင် ဖုန်း-၅၇၂၅၄၂၊ ဦးသက်ဝေ ဖုန်း-၅၄၈၃၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒသမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၉

တပ်ကုန်း မြို့နယ်သူ၊ မြို့နယ်သားများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အောင်သိဒ္ဓိကျောင်း ဆရာတော်ဦးဓမ္မပါလအား အမှူးထား၍ ကျင်းပမည်ဖြစ်ပြီး ပင့်သံဃာတော် ၁၅ ပါးအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

(က-ပ)

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်မြို့တော်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ယခုထက်ပိုမိုဖြန့်ဝေနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရေပေးဝေရေးစီမံကိန်း ပရဝဏ်အတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး၊ ကော်မတီဝင် ဗိုလ်မှူးကြီး ကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေ၊ ရာပြတ်ဌာန-ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းနှင့် စီမံကိန်း လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာများက ကြိုဆိုကြသည်။

သစ်ပင်စိုက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ရေပေးဝေရေးစီမံကိန်း ပရဝဏ်အတွင်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ငုရွှေဝါနှင့် ထန်းပင်ကို စိုက်ပျိုးပေးပြီး တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်၊ ဌာနမှူးများနှင့် ဝန်ထမ်းများက အရိပ်ရသစ်ပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းအား ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) လုပ်ငန်းဖြစ်သည့် အကြိုအနည်ထိုင်ကန်၊ ရေတင်စက်ရုံ၊ အနည်ထိုင်ကန်၊ သဲရေစစ်ကန်၊ ရေစုကန်၊ ရေတွန်းစက်ရုံနှင့် ဓာတ်အားခွဲရုံများ ဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ **(အောက်ဝဲပုံ)**

မှာကြား

ဆက်လက်၍ ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက စီမံကိန်းနှင့် ဆက်နွှယ်သည့် လုပ်ငန်းများအားလုံးကို တာဝန်ရှိသူများက အဆင့်ဆင့်ကြပ်မတ် တွန်းအားပေးဆောင်ရွက်ရန်နှင့် မြို့တော်နေပြည်သူများ သန့်ရှင်းကြည်လင်သည့်သောက်သုံးရေများ ပိုမိုရရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်၍ စေတနာထားကာ စနစ်တကျကြိုးပမ်းဆောင်ရွက်ရန် မှာကြားသွားသည်။

(၁၉)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူး၍ (၉)ကြိမ်မြောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်မှ ၂၃ ရက်အထိ မီးသတ်ဦးစီးဌာန သီတာခန်းမတွင် ကျင်းပမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ဆုကြေးငွေ တစ်သိန်းနှစ်သောင်းငါးထောင် ချီးမြှင့်မည်ဖြစ်ရာ ဇူလိုင် ၁၄ရက်နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်း စစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်သည်။

(အား/ကာ)

ကတိသစ္စာခံယူ

အလက (၂) ဒဂုံ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲ အခမ်းအနားကို ဇူလိုင် ၅ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းတင်နှင့် ကျောင်းကောင်စီဝင်များ ကတိသစ္စာခံယူကြစဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ 　၁။ မြဝတီအဖွင့်
- ၇:၀၅ 　၂။ အဖွင့်သီချင်း
- ၇:၁၀ 　၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ 　၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ 　၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ 　၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ 　၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ 　၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ 　၉။ **မိုးကုတ်ဆရာတော်ကြီး၏တရားတော် -ဝိသာခနှင့် ဓမ္မဒိန္နာ အမေး၊ အဖြေ**
- ၉:၁၀ 　၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ 　၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ 　၁။ မြဝတီအဖွင့်
- ၄:၀၅ 　၂။ အဖွင့်သီချင်း
- ၄:၁၀ 　၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ 　၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Schizoprhenia. (တတိယနှစ်-စိတ်ပညာ)
- ၄:၅၀ 　၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ 　၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ 　၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ 　၈။ နိုင်ငံတကာသတင်း
- ၆:၂၀ 　၉။ မိုးလေဝသသတင်း
- ၆:၂၅ 　၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ 　၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ 　၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄-နာရီ" (အပိုင်း-၂၀)**
- ၈:၀၀ 　၁၃။ မဝတီရုပ်မြင်သံကြားသတင်း
- 　　　၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- 　　　၁၅။ ပဟေဠိနန်းတော်
- 　　　၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- 　　　၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ" (အပိုင်း-၈)**
- 　　　၁၈။ သင့်အတွက်မနက်ဖြန်
- 　　　၁၉။ အပိတ်နှုတ်ဆက်စကား
- 　　　၂၀။ ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနား–ဗန်းမော်ကားလမ်းရှိ လမ်း၊တံတားများ ပြုပြင်တည်ဆောက်မှု ကြည့်ရှုစစ်ဆေး ဒေါ့ဖုန်းယန်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနား–ဗန်းမော်ကားလမ်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဝိုင်းမော်မြို့ ခါးရှိရပ်ကွက်သို့ ရောက်ရှိပြီး ဂျိတ်လင်း(န်)မြန်မာကုမ္ပဏီလီမိတက်က တာဝန်ယူ ဖောက်လုပ်လျက်ရှိသည့် မြစ်ကြီးနား–ဗန်းမော်လမ်း၊ လမ်းအကျယ် ၂၈ ပေ ကျောက်ချောလွှာခင်းပြီးစီးမှုနှင့် လမ်းဘေး တစ်ဖက်တစ်ချက်၌ အကျယ်ရှစ်ပေစီရှိ မြေသားလမ်းတိုးချဲ့မှုတို့ကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် တဘက်ချောင်းကို ဖြတ်သန်းဖောက်လုပ်ထားသည့်တဘက်ယန်ဘေလီတံတားသို့ ရောက်ရှိကြပြီး တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အကြံပေး ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တံတားကြံ့ခိုင်မှုအတွက်လိုအပ်သော ပြုပြင်မှုများ ဆောင်ရွက်ရေးနှင့် ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မလန်းယန်ကျေးရွာအနီးရှိမလိချောင်းကူး မလိယန်ဘေလီတံတားသို့ ရောက်ရှိကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နန့်ဆန်ယန်ကျေးရွာ၌ တည်ထားကိုးကွယ်သည့် လောကသာမဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

သတ်မှတ်

နံနက် ၉ နာရီခွဲတွင် ဝိုင်းမော်မြို့နယ် နန့်ဆန်ယန်ကျေးရွာရှိ ဂျိတ်လင်း(န်)မြန်မာကုမ္ပဏီလီမိတက်၏ မြစ်ကြီးနား– ဗန်းမော်လမ်း တိုးတက်ပြုပြင်တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်း အင်ဂျင်နီယာ ဦးနန်ဇင်းဖန်ဝါက မြစ်ကြီးနား–ဗန်းမော်ကားလမ်း တိုးချဲ့ပြုပြင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းကို ရေတိုက်စားခြင်းမှ ကာကွယ်ရန် လမ်းပခုံးများ ဆောင်ရွက်ရေးနှင့် လမ်းဘေး၌ ရေမြောင်းများတူးဖော်ရန်၊ လမ်းဆောလျင်စွာ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ လမ်း၊ တံတားများကို တည်ဆောက်ရန်နှင့် လမ်းဘေး၌ မိုင်တိုင်အမှတ်အသားများ စိုက်ထူရန်တို့ကို မှာကြားသည်။

အဆိုပါ မြစ်ကြီးနား–ဗန်းမော်လမ်း၌ ဝိုင်းမော်မှ တဘက်ယန်အထိ မိုင် ၂၀ ကို ကတ္တရာလမ်းခင်း လျက်ရှိရာ ခုနစ်မိုင်ထိ ကတ္တရာခင်းပြီးစီးပြီး ကျန်အပိုင်းကိုလည်း ကတ္တရာလမ်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ တဘက်ယန်မှ လကျားယန်ထိ ၃၆ မိုင် ခရီးမှာ ကျောက်ချောလမ်းခင်းပြီး မော်တော်ယာဉ်များ ကောင်းမွန်စွာသွားလာနိုင်ပြီဖြစ်သည်။

တည်ဆောက်

လကျားယန်မှ ဗန်းမော်လမ်းပိုင်း၌ မိုင်တိုင်အမှတ် ၄၀၉/၀ မှ ၄၂၄/၀ အတွင်းမြေသားပြုပြင်ခြင်း၊ လမ်းသားချဲ့ခြင်း၊ တောင်မြေဖြတ်ခြင်း၊ ချောင်းကျောက်ဖြန့်ခင်းကြိတ်ခြင်း၊ လမ်းဘေးရေမြောင်းနှင့် လမ်းဖြတ်ရေမြောင်းများ ဖောက်လုပ်ခြင်းနှင့် ကွန်ကရစ်တံတားများတည်ဆောက်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဝိုင်းမော်မြို့ ခါးရှိရပ်ကွက် မြစ်ကြီးနား– ဗန်းမော်လမ်း ကျောက်ချောလွှာခင်းမှုနှင့် မြေသားလမ်းတိုးချဲ့မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြစ်ကြီးနား– ဗန်းမော်လမ်း၌ ကွန်ကရစ်တံတား ၁၀၅ စင်း တည်ဆောက်ရန်အနက် အစင်း ၈၀ တည်ဆောက်ပြီးစီးပြီး ကွန်ကရစ်ရေပြွန် ၁၈၀ တည်ဆောက်ရန်အနက် ၁၄၁ခု တည်ဆောက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည်နံနက် ၁၁ နာရီမိနစ် ၅၀ တွင် ဒေါ့ဖုန်းယန်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်သန်းဝင်းက ကျောင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးကူညီ

ယင်းနောက်ကျောင်းအတွက်လိုအပ်လျက်ရှိသော ကွန်ပျူတာ လေးစုံကို ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့က ပံ့ပိုးကူညီဖြည့်ဆည်းပေးကြသည်။

တွေ့ဆုံ

ထို့နောက် ဒေါ့ဖုန်းယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်း၌ မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒေါ့ဖုန်းယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက ဒေါ့ဖုန်းယန်မြို့၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် ဒေါ့ဖုန်းယန်မြို့ကို မြို့အင်္ဂါရပ်နှင့်ညီစေရန် နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံ ပြည်သူများကလည်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားရန် လိုကြောင်း။

တိုးချဲ့ဆောင်ရွက်

ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အလေးပေး ဆောင်ရွက်သွားပါက စီးပွားရေးဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေး၊ နှစ်ရှည်သီးနှံ စိုက်ပျိုးတိုးချဲ့ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဒေသတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကလည်း စေတနာရှိရှိဖြင့် ပြည်သူအားကိုးရသော ဝန်ထမ်းများ ဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ဖြည့်စွက်မှာကြား

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည်ဒေါ့ဖုန်းယန်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအိမ်တွင်းမှုသင်တန်းကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကချင်ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ရွှေက သင်တန်းကျောင်း ဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဒေါ့ဖုန်းယန်မြို့ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီး

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ဒေါ့ဖုန်းယန်မြို့ နယ်မြေခံတပ်ရင်း၌ တပ်ရင်းရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူလူထု၏အကျိုးစီးပွားကိုထာဝစဉ်သယ်ပိုးဆောင်ရွက်ရေး၊ မိသားစုဝင်များ၏ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးအတွက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ လယ်မြေများ ဖော်ထုတ်စိုက်ပျိုးရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ဒေါ့ဖုန်းယန်မြို့မှ ဗန်းမော်မြို့သို့ ထွက်ခွာ၍ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းအား ကိုရီးယားသံအမတ်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၉

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Lee Ju-Heum သည် ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးဦးမောင်အောင်၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်ရီနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းအား ကိုရီးယားသမ္မတ နိုင်ငံသံအမတ်ကြီး H.E Mr.Lee˚Ju-Heum လာရောက်တွေ့ဆုံစဉ်။ (လဝက)

ဒို့တာဝန်အရေးသုံးပါးတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးကို အလေးထားဖော်ဆောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာတိုးပွားအောင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားဖို့လို ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုသားတိုင်း မြန်မာတိုင်းရင်းသား၊ မြန်မာလူမျိုးဟုခံယူရန်ဖြစ်

ရန်ကုန် ဇူလိုင် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်နံနက် ၉နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသစည်းရုံးရေးမှူးဒေါ်ခင်ညွန့်မြိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးငယ်ရွယ်အဖွဲ့ခွဲခေါင်းဆောင်ဒေါ်ပိုပိုကြည်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပြည်နယ်၊ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ အဖွဲ့ဝင်များ၊ ပြည်နယ်၊ခရိုင်၊မြို့နယ် ဌာနဆိုင်ရာများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အမျိုးသမီးကိုယ်စားလှယ်များ၊ ဆရာမများနှင့် ကျောင်းသူလေးများ၊ ဆုရကျောင်းသူ၊ **ကျောင်းသားများ တက်ရောက်ကြသည်။**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုကိုမသိ၊ မျိုးနွယ်စောင့်ထိန်းရန်နားမလည်၊ မျိုးချစ်စိတ်ဆိုတာချိုနဲ့လားဟုမေးရမည့် ပြည်ပသြဇာခံ၊ ပြည်တွင်းသစ္စာဖောက်တချို့ရှိနေသည်ကို မိမိတို့ အမျိုးသမီးထုကြီး သတိပြု ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ရာတွင် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားသည် အရေးပါ

ရန်ကုန် ဇူလိုင် ၉

ပဲခူးတိုင်း မြန်မာအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၇ နာရီခွဲတွင် ပဲခူးတိုင်း ပဲခူးမြို့ အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ထူးချွန်အမျိုးသမီးများ စုစုပေါင်းအင်အား ၁၅၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြပြီး မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက **"မြန်မာအမျိုးသမီးငယ်ရွယ်များ"** တေးသီချင်းကို စုပေါင်းသီဆို ဂုဏ်ပြုကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က ဆောင်ရွက်ပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပဲခူးတိုင်း ပဲခူးမြို့ အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပစဉ်။ (သတင်းစဉ်)